
စိတ်ကူးချိုချိုအနုပညာ

# ချစ်ခြင်းမေတ္တာနှင့် ခေါင်းဆောင်ခြင်း

ထူးချွန်ထက်မြက်သောခေါင်းဆောင်များအတွက်
ထာဝရစည်းမျဉ်း ၇ ခု



# LOVE WORKS


by Joel Manby

ဧရတု–မြန်မာပြန်

mgyoe.com

mgyoe.com

ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းဆိုသည်မှာ
လူအများအပေါ် ညင်သာနူးညံ့ပေးရမည်။
ဆင်ခြေတစ်ခုမဟုတ်ပါ။ သို့သော် တစ်ချိန်တည်းမှာပင်
ကျွန်တော်တို့သည် စိတ်ရှည်သည်းခံမှု၊
လေးစားသမှုတို့နှင့်အတူ အပြစ်ပေးတတ်ရပါမည်။
ဆုံးမတတ်ရပါမည်။ ကျွန်တော်တို့၏ ရည်မှန်းချက်ပန်းတိုင်မှာ
အလုပ်သက်သက် မဟုတ်ပါ။
ကျွန်တော်တို့အဖွဲ့အတွင်းရှိ လူများ၏ ဂုဏ်သိက္ခာကို
ကာကွယ်ပေးရန်လည်း ပါပါသည်၊ ကျွန်တော်တို့
အလုပ်သမားများကို သီးသန့်ဖြစ်စေ၊ အများရှေ့တွင်ဖြစ်စေ
မည်သို့ပင် လေ့ကျင့် ထိန်းကြောင်းစေကာမူ ကျွန်တော်တို့၏
ရည်မှန်းချက်ပန်းတိုင်မှာ လေးစားမှု၊ ချစ်ခြင်း မေတ္တာတို့နှင့်အတူ
လုပ်ဆောင်ရန် ဖြစ်ပါသည်။



ZYT0016
2,300.00 KS
mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၈၀၈ · ၈၃

ချစ်ခြင်းပေတ္တာနှင့်ခေါင်းဆောင်ခြင်း
ဇေရတု - နေ့ိကုန်း
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
တမျက်နှာ ၁၈၁ မျက်နှာ၊ ၁၃ စင်တီ × ၂၀ ·၅ စင်တီ
(၁) ချစ်ခြင်းပေတ္တာနှင့်ခေါင်းဆောင်ခြင်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ချစ်ခြင်းမေတ္တာနှင့် ခေါင်းဆောင်ခြင်း

# LOVE WORKS

Joel Manby

ဇေရတု

မြန်မာပြန်

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်း | – | က |
| ၁။ | ခါးသီးဖွယ်ည | – | ၁ |
| ၂။ | ရေဒိုင်သခင်များ | – | ၁၃ |
| ၃။ | စိတ်ရှည်သည်းခံခြင်း<br>(ခက်ခဲသောအခြေအနေများ၌ မိမိကိုယ်ကို ထိန်းချုပ်ခြင်း) | – | ၂၁ |
| ၄။ | ကြင်နာခြင်း<br>(အားပေးမှုနှင့် စိတ်အားထက်သန်မှုကို ပြသခြင်း) | – | ၄၆ |
| ၅။ | ယုံကြည်စိတ်ချခြင်း<br>(တစ်စုံတစ်ယောက်အပေါ် ယုံကြည်မှုထားခြင်း) | – | ၇၁ |
| ၆။ | ကိုယ်ကျိုးမဖက်ခြင်း<br>(ကိုယ့်အတွက်ကိုသာ ရှေ့တန်းမတင်ခြင်း) | – | ၉၁ |
| ၇။ | ရိုးသားဖြောင့်မှန်ခြင်း<br>(အစစ်အမှန်တရားကို ပေါ်လွင်ထင်ရှားစေခြင်း) | – | ၁၂၁ |


mgyoe.com

mgyoe.com

၈။ ခွင့်လွှတ်တတ်ခြင်း
(မလိုမုန်းထားမှုကို ဖြေလျှော့ခြင်း) – ၁၄၄

၉။ စူးစိုက်နှစ်မြှုပ်ခြင်း (အခြေအနေအားလုံးမှာ
သင့်ရဲ့ တန်ဖိုးစံနှုန်းတွေကို ထိန်းထားပါ) – ၁၆၅

၁၀။ သင့်ရွေးချယ်မှု – ၁၇၆

mgyoe.com

mgyoe.com

# နိဒါန်း

လမ်းရေဆေးသည့် အလုပ်သမားတစ်ဦးအဖြစ် လုပ်ကိုင်ရမည့် ပထမဆုံးနေ့တွင် နံနက် ၃ နာရီ၌ ကျွန်တော် အိပ်ရာက နိုးလာပါသည်။ မြည်နေသော နှိုးစက်ကို စမ်းတဝါးဝါးနှင့် ပိတ်လိုက်ရင်း ကိစ္စတွေထဲမှာ ကျွန်တော် ပါဝင်ပတ်သက်လာပုံအကြောင်းကို စဉ်းစားမိပါသည်။ CBS ရုပ်မြင်သံကြား ကွန်ရက်က ကျွန်တော်တို့ကုမ္ပဏီကို သူတို့၏နာမည်ကျော် မျက်မြင်ကိုယ်တွေ့ တီဗွီအစီအစဉ်ဖြစ်သော Undercover Boss (ကိုယ်ယောင်ဖျောက်အလုပ်ရှင်) ၌ ပူးပေါင်းပါဝင်ရန် ကမ်းလှမ်းခဲ့ပါသည်။ Herschend Family Entertainment (HFE) ၏ ကုမ္ပဏီဥက္ကဋ္ဌတစ်ဦးအနေဖြင့် Missoun ပြည်နယ် Branson မြို့ရှိ ကျွန်တော်တို့၏ငွေဒင်္ဂါးမြို့တော် (Silver Dollar City) အပန်းဖြေကစားကွင်းမှာ အလုပ်လုပ်ပေးပါမည့်အကြောင်း ကျွန်တော်သဘောတူလိုက်သည်။

ကျွန်တော် အိပ်ရာထဲက ထွက်လိုက်ပြီး ကျွန်တော်နှင့် သိပ်အသားမကျလှသော ယူနီဖောင်းကို ဝတ်လိုက်သည်။ ဂျင်းဘောင်းဘီ၊ လုပ်ငန်းခွင်ဝတ်ဆင်ရန် ဘွတ်ဖိနပ်၊ ခေါင်းစွပ်ပါ ချွေးခံရှပ်၊ ၎င်းအပေါ်မှ ဂျင်းဂျက်ကက်နှင့် မျက်မှန်တစ်လက်တို့ဖြစ်သည်။ တစ်ညတာ စတည်းချသော ၃၅ ဒေါ်လာတန် မိုတယ်အခန်းတွင် ကော်ဖီဖျော်စက်တစ်လုံးရှိနေသဖြင့် တော်သေးသည်ဟု အောက်မေ့လိုက်သည်။ ကော်ဖီပူပူကို သောက်ရင်း ကျွန်တော့်ကိုယ်ကျွန်တော် ဘဝသစ်တစ်ခု စတင်ရန် ရှာဖွေနေသည့် ပျွန်ဘရစ်ဆို

mgyoe.com

mgyoe.com



သော အလုပ်လက်မဲ့လူတစ်ဦးဖြစ်ကြောင်း မှတ်မိနိုင်အောင်ကြိုးစားနေရသည်။

အစီအစဉ်တစ်ခုလုံးက စွန့်စားရာတော့ ကျသည်။ ဒီအယောင်ဆောင်မှုကြီးပေါ်သွားပြီး ကျွန်တော်တို့ အလုပ်သမားတွေနှင့် ကျွန်တော်တို့ ကုမ္ပဏီအတွက် လှောင်ပြောင်သရော်စရာ၊ အရှက်ရစရာတွေ ဖြစ်လာလျှင် ဘယ်လိုလုပ်မလဲ။ ဒါက CBS အတွက်တော့ အလွန်စိတ်ဝင်စားဖွယ် ကောင်းသော တီဗွီအစီအစဉ် ဖြစ်နိုင်သည်။ သို့သော် ကျွန်တော်တို့ ကုမ္ပဏီအတွက် မမျှတသလို ဖြစ်သွားလိမ့်မည်။ HFE ရှိ ကျွန်တော့်ခေါင်းဆောင်မှုအဖွဲ့က ကျွန်တော်တို့၏ ပူးပေါင်းဆောင်ရွက်သည့် အလေ့အထနှင့် စွမ်းစွမ်းတမံ ကြိုးစားကြသော ကျွန်တော်တို့လုပ်သားများ၏ စစ်မှန်သော ပေးဆပ်မှုနှင့် စေတနာတို့ကို ယုံကြည်ပေးရန် ဆုံးဖြတ်လိုက်သည်။ ထို့အပြင် ကျွန်တော်တို့ အပန်းဖြေကစားကွင်းများသို့ လာရောက်ကြသော ဧည့်သည်များလိုပင် နေ့စဉ်နေ့တိုင်း ဤအတွေ့အကြုံကို တိုက်ရိုက်ရရှိမည်ဖြစ်သဖြင့် ဤမြင်ကွင်းကို တစ်နိုင်ငံလုံးရှိ ကြည့်ရှုသူများနှင့် မျှဝေခံစားရန်မှာ အလွန်ကောင်းမွန်ပေလိမ့်မည်။

နံနက် ၄ နာရီ၌ ဝေဒင်ဂါးမြို့တော်သို့ ကျွန်တော် ရောက်ရှိသွားသောအခါ ဤအတွေးများအားလုံး အလျှင်အမြန်ပင် လွင့်စဉ်ပျောက်ကွယ်သွားတော့သည်။ အရုဏ်တက်ချိန်မတိုင်မီ ခိုက်ခိုက်တုန်နေသော လေအေးများကြား၌ ဖိအားပြင်းပိုက်လုံးတစ်လုံးနှင့်အတူ လမ်းများကို ဆေးကြောသန့်ရှင်းတတ်အောင် သင်ကြားပေးခြင်းကို ခံနေရချိန်တွင် အတွေးနယ်ချဲ့နေဖို့အတွက် အချိန်မရှိလှပါ။

ရစ်ချက်က ကျွန်တော့်ကို သင်ကြားပေးသူ ကျွန်တော့်ဆရာ ဖြစ်သည်။ အေးဆေးတည်ငြိမ်သော သူ့ပုံစံက ကျွန်တော့်ဖခင်အား အမှတ်ရမိစေသည်။ တစ်ကြိမ်တွင် ရေပိုက်ကို ကျွန်တော် ကောင်းကောင်းမထိန်းနိုင်ဘဲ ရစ်ချက်အပေါ်သို့ ဖျန်းမိသည်။ CBS ထုတ်လုပ်သူများကတော့ ဒေါသဖြင့် ပေါက်ကွဲမှုတစ်ခုကို ကျိတ်၍ မျှော်လင့်နေကြလိမ့်မည်။ သို့သော် ရစ်ချက်က ကျွန်တော့်ကို အေးအေးပင်ကြည့်ပြီး တည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်။ "မင်း ငါ့အနောက်မှာပဲနေ"။ အလုပ်လုပ်ရင်းနှင့်ပင် ရစ်ချက်၏အိမ်မှာ လွန်ခဲ့သော ခြောက်လက ရေလွှမ်းမိုးမှုခံခဲ့ရကြောင်း ကျွန်တော် သိ

mgyoe.com

mgyoe.com



လိုက်ရသည်။ ရစ်ချက်က သူ၏ဇနီးနှင့်ကလေး ငါးယောက်တို့ကို နောက်တွဲယာဉ်တစ်စီးအတွင်းသို့ ပြောင်းရွှေ့နေခိုင်းပြီး အိမ်ကို ပြန်လည် ပြင်ဆင်ရေးအတွက် ကျစ်ကျစ်ပါအောင် ပိုက်ဆံစုနေခဲ့သည်။ ဤအဖြစ်အပျက်က သူ၏ငွေရေးကြေးရေးအခြေအနေနှင့် မိသားစုဘဝနှစ်ခုစလုံးအပေါ်၌ ကြီးမားသောရိုက်ချက်ဖြစ်ခဲ့သည်။ သို့တိုင်အောင် သူသည် ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွဖြင့်သာ အလုပ်ကိုလုပ်သည်။

ထိုနေ့နှောင်းပိုင်း၌ ငွေဒင်္ဂါးမြို့တော်၏ ရှေ့ဂိတ်ပေါက်အပိုင်းကို ကြီးကြပ်သူအဖြစ် ဆောင်ရွက်နေသော အဲလ်ဘတ်ဆိုသူ လူငယ်လေးတစ်ဦးနှင့်ကျွန်တော် အလုပ်အတူတူလုပ်ခဲ့သည်။ အဲလ်ဘတ်သည် ကစားကွင်းတိုးတက်ရေးအတွက် ခွန်အားအပြည့်၊ တီထွင်ကွန့်မြူးသည့် အကြံဉာဏ်များအပြည့်ဖြင့် လုပ်ဆောင်ပေးသည့် ထက်သန်တက်ကြွသော လူငယ်လေးဖြစ်သည်။ သူက သူ့ရိုလာကိုစတာဒီဇိုင်းတွေကို ကျွန်တော့်အား ပြသည်။ တစ်နေ့နေ့တွင် ကုမ္ပဏီ၏စီအီးအိုဖြစ်ရန်မှာ သူ့ဆန္ဒဖြစ်ကြောင်း ကျွန်တော့်ကို ပြောပြသေးသည်။ နောက်ပိုင်းတွင် ဂိတ်ပေါက်ရှိ လက်မှတ်ရောင်းသည့်စနစ်နှင့်ပတ်သက်၍ ကျွန်တော်အခက်ကြုံရသောအခါ သူကျွန်တော့်ကို အချိန်နည်းနည်းပိုပေးပြီး လေ့ကျင့်ပေးခဲ့လျှင် ကောင်းမည်ဟု စိတ်ထဲတွင်ဖြစ်မိသည်။ နေက တဖြည်းဖြည်းထွက်လာသည်။ မနက်ပိုင်းက လမ်းများကို သန့်ရှင်းရေးလုပ်ထားသော ကျွန်တော့်လက်များလည်း အနွေးဓာတ်ကို ရလာသည်။

အချိန်ကုန်လာသည်နှင့်အမျှ အဲလ်ဘတ်အကြောင်းကို ပိုသိလာသည်။ HFE ၌ အချိန်ပြည့်အလုပ်ကို တာဝန်ကျေပွန်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေရသဖြင့် ကောလိပ်ကျောင်းတက်ခွင့်ရရေးအတွက် သူ့ခမျာအခက်အခဲများစွာ ကြုံတွေ့နေရသည်။ ပြီးတော့ မကြာမီ အိမ်ထောင်ပြုနိုင်ရန် ကြိုးစားနေသေးသည်။ သူသည် တစ်ပတ်လျှင် နာရီ ၅၀ အလုပ်လုပ်ပြီး ညအချိန်တွင် ကျောင်းတက်ရသည်။ လက်ထပ်တော့မည့် သတို့သမီးလောင်းကိုလည်း အချိန်ပေးရသေးသည်။ သို့တိုင်အောင် ကျွန်တော့်ကို ကူညီရန် သူ့၌ ခွန်အားနှင့် အချိန်တို့ ကျန်နေသေးသည်။ အလုပ်သမားအသစ် ကျွန်တော်သည် အလုပ်ခွင်ပထမဆုံးနေ့၌ပင် အသားကျသွားသည်။

mgyoe.com

mgyoe.com



ထိုရက်သတ္တပတ်တွင် အခြားလူလေးယောက်နှင့်အတူ အခြားနေရာလေးမျိုးတွင် ကျွန်တော်အလုပ်လုပ်ခဲ့သည်။ သို့သော် အားလုံးက တစ်ပုံစံတည်းဖြစ်သည်။ ဘဝ၏ဒုက္ခသုက္ခများကို ရုန်းကန်ကြိုးစားနေကြရသော်လည်း အလုပ်တစ်ခုကို ကြိုးကြိုးစားစား စွမ်းစွမ်းတမံဖြင့် ကောင်းမွန်အောင် ဆောင်ရွက်ကြသည့် အလုပ်သမားများဖြစ်သည်။ ကုမ္ပဏီကို သူတို့စေတနာထားသည်။ ကျွန်တော်တို့၏ရည်မှန်းချက် ပြည့်ဝရေးဆန္ဒကို သူတို့လည်း မျှဝေခံစားသည်။ ကုမ္ပဏီကို မူလတည်ထောင်သူတို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပုံသွင်းခဲ့သော အစဉ်အလာကို အနာဂတ်လောကအထိ သယ်ဆောင်သွားရန်မှာလည်း သူတို့၏အထူးအလေးဂရုပြုသော စိတ်ထားများနှင့် ကိုက်ညီလှပါသည်။

တီဗွီရှိုးအပြီး HFE ရှိ ကျွန်တော်၏နေရာအစစ်အမှန်ကို ထုတ်ဖော်ပြပြီးသောအခါ ဤအလုပ်သမား ခြောက်ဦးစလုံးကို တစ်ဦးစီ၏ငွေရေးကြေးရေး လိုအပ်ချက်အား ကူညီထောက်ပံ့ပေးရန် ကုမ္ပဏီ၏ Share It Forward Foundation မှ ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ပါသည်။ တီဗွီဖန်သားပြင်ပေါ်မှ သူတို့၏လှုပ်ရှားမှုများကို တွေ့မြင်ရသည်မှာ ကျွန်တော်အပါအဝင် ကြည့်ရှုသူ ပရိသတ်များ၏စိတ်ကို အထူးလှုပ်ရှားစေခဲ့ပါသည်။ ပထမဆုံးအကြိမ်အဖြစ် သူတို့၏အရေးပါမှုကို ကျွန်တော် အသေအချာနားလည်သဘောပေါက်သွားသည်။

နောက်တွဲယာဉ်ကလေးအပေါ်မှ ပြန်ပြောင်းရွှေ့နိုင်အောင် အိမ်ပြင်ဆင်စရိတ် ဒေါ်လာ ၁၀,၀၀၀ တန် ချက်လက်မှတ်ကို ကျွန်တော်တို့ ထုတ်ပေးသောအခါ ရစ်ချက်မှာ ကြက်သေသေနေသည်။ စကားလည်း မပြောနိုင်၊ လှုပ်လည်း မလှုပ်ရှားနိုင်တော့ အဲလ်ဘတ်ကို ကောလိပ်ကျောင်းအချိန်ပြည့်တက်နိုင်အောင် ပညာသင်ဆုချီးမြှင့်သောအခါ မျက်ရည်မဆည်နိုင်အောင် ငိုကြွေးနေသဖြင့် သူတည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားစေရန် ကင်မရာသမားများကို မရိုက်ဘဲထားဖို့ မေတ္တာရပ်ခံရသည်။ အခြားသူများကို ဆုများ ချီးမြှင့်သောအခါတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ စေတနာ မေတ္တာဖြင့် လှုပ်ရှားမှုများကို မြင်တွေ့ပြီး ထိခိုက်ခံစားကြရသောသူများမှာ သူတို့သာလျှင် မဟုတ်သေးပါ။

mgyoe.com

## ခေါင်းဆောင်များထံမှ ပို၍ မျှော်လင့်ခြင်း

ကျွန်တော်တို့၏ Undercover Boss အစီအစဉ်ကို ၁၈ သန်း ထက်မနည်းသော ပရိသတ်ကြီးကကြည့်ရှုခဲ့သည်။ CBS ရုပ်မြင်သံကြား လိုင်းအတွက် ထိုတစ်ပတ်၏ လူကြိုက်အများဆုံး အစီစဉ်ဖြစ်သွားသည်။ အမေရိက၏နာမည်ကျော် American Idol အစီအစဉ်ပြီးလျှင် ဒုတိယ ရေပန်းအစားဆုံးဖြစ်သည်။ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြီးသည့်နောက် တွင် ကျွန်တော်၏ဆဲလ်ဖုန်းမှာ ၂၄ နာရီပတ်လုံး မြည်နေသည်ဟု ထင်ရပြီး Twitter နှင့် Facebook တို့ကဲ့သို့ Social media account များ၊ အီးမေးလ်များတွင် စာများ ဝင်လာမစဲ ဖြစ်နေခဲ့သည်။ ဥပမာအားဖြင့် ကျွန်တော်တို့၏ Website အတွင်းသို့ နေ့စဉ်ဝင်ရောက်ကြည့်ရှုသူမှာ ပျမ်း မျှအယောက် ၅၀ ရှိပြီး တီဗွီအစီအစဉ်ကိုထုတ်လွှင့်အပြီး ပထမ လေးဆယ့် ငါးမိနစ်အတွင်း၌ ဝင်ရောက်ကြည့်ရှုသူပေါင်း ၆၀,၀၀၀ ဖြစ်သွားသည်။ ကျွန်တော်တို့အလုပ်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုများကို မျက်ဝါး ထင်ထင်တွေ့မြင်ကြရသော လူများကို တစ်စုံတစ်ရာက ဖမ်းစားထားပြီး ၎င်းတို့၏သိချင်စိတ်များလည်း ပိုလာခဲ့သည်။

ကယ်လီဖိုးနီးယားမှ လူတစ်ယောက်က သူ့အမြင်ကို ကျွန်တော်တို့ အား ဤသို့ ထုတ်ဖော်ပြလာသည်။ "အခုနေသာ ကျွန်တော့်မှာ လုပ်စရာ အလုပ်တစ်ခု မရှိဘူးဆိုရင် ခင်ဗျားတို့ ကုမ္ပဏီမှာ ကျွန်တော့်ကို အလုပ်ခန့် တဲ့အထိ ထပ်ကာထပ်ကာ လာလျှောက်မှာပဲ။ အမှိုက်ကောက်တဲ့ အလုပ် ကိုပဲ လုပ်ရစေဦးတော့၊ ခင်ဗျားတို့လို ကုမ္ပဏီမျိုးရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ကျွန်တော်အရမ်းဂုဏ်ယူမိမှာပါ" ဟု ရေးသားထားသည်။

ဤခံယူချက်က သူတို့၏ကိုယ်ပိုင်အလုပ်နေရာကို Undrcover Boss အစီအစဉ်တွင် မြင်တွေ့ရသည်တို့နှင့်အလားသဏ္ဌာန်တူစေလိုကြောင်း ကျွန်တော်တို့ကို သိစေချင်သော လူများကြား၌ ပျံ့နှံ့နေသည်။

ကျွန်တော်တို့အဖွဲ့အစည်း၏သဘောသဘာဝနှင့် ကျွန်တော်တို့၏ အလုပ်သမားရွေးချယ်ထောက်ပံ့ရေး ဖောင်ဒေးရှင်းအကြောင်းကို ပို၍သိချင် သည်ဟူသော တောင်းဆိုမှုများမှာ အလွန်များပြားလာသည်။ စီးပွားရေး အတွက် ဆောင်ရွက်ရမည့်ကိစ္စများလည်း ရှိသေးသဖြင့် ပြင်ပမှပတ်သက်မှု

mgyoe.com

mgyoe.com


များကို ကန့်သတ်ထားရန် လိုအပ်လာသည်။ သို့သော် ဤသတင်းအချက်အလက်ကို စီးပွားရေး၊ လူမှုရေးနှင့် အစိုးရအဖွဲ့အစည်းများအပါအဝင် မည်သည့်အဖွဲ့အစည်းမျိုးကိုမဆို ကြားသိစေရမည်ဟု ကျွန်တော်၏ အသိစိတ်တစ်နေရာက တိုက်တွန်းနေပါသည်။

အရိုးရှင်းဆုံးအမှန်တရားမှာ ခေါင်းဆောင်ခြင်း၌ ယုံကြည်မှုနှင့်ပတ်သက်၍ ကြီးမားသောပြဿနာရှိနေခြင်းပင် ဖြစ်သည်။ အီးမေးလ်နှင့် ပေးစာ ထောင်ပေါင်းများစွာတွင် ပါဝင်လာသော မကျေနပ်ချက် ရင်ဖွင့်သံများက ကျွန်တော့်ကို အလွန်အံ့အားသင့်စေပါသည်။ လူအများက သူတို့၏ ခေါင်းဆောင်များ၊ အလုပ်ရှင်များကို မယုံမကြည်ဖြစ်နေကြသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့၏ Undercover Boss အစီအစဉ်က တစ်ခဲနက် တုံ့ပြန်မှုကြီးကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။ လူအများက သာလွန်ကောင်းမွန်သည့် အသစ်အသစ်သော တစ်စုံတစ်ရာကို မျှော်လင့်တောင့်တနေကြသည်။ မရေမတွက်နိုင်သော အလုပ်သမားများက သူတို့ခေါင်းဆောင်များနှင့် အလုပ်ခွင်ဝန်းကျင်များမှ ပိုပြီး လိုလားချက်များ ရှိနေကြသည်။ ဤအကြောင်းအရာများကို ကျွန်တော်တို့ ကြားသိနေခဲ့ရသည်။

*

## ချစ်ခြင်းမေတ္တာက ဘယ်အခန်းကဏ္ဍကနေ ပါဝင်သလဲ

Undercover Boss အစီအစဉ်၌ ပါဝင်ရခြင်း၏ ကျေနပ်စရာအကောင်းဆုံးအပိုင်းမှာ ရာစုနှစ်တစ်ဝက်ခန့်ကြာအောင် HFE ရှိ ခေါင်းဆောင်များ လေ့ကျင့်ပျိုးထောင်ပေးခဲ့သည့် 'ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်း' ဆိုသည့် အမြော်အမြင်ရှိသော စီမံခန့်ခွဲမှု ဒဿနကို ခိုင်မာယုံကြည်သွားစေခြင်းဖြစ်သည်။

ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းသည် ယနေ့ခေတ်၏ စီးပွားရေးဝန်းကျင်၌ အလိုအလျောက် တုံ့ပြန်မှုဖြစ်သည်။ ၎င်းက ခေါင်းဆောင်မှုစည်းမျဉ်းများကို ကျွမ်းထိုးမှောက်ခုံ ပြောင်းလဲသွားစေသည်။ သို့တိုင်အောင် HFE ကို တစ်ကြိမ်တစ်ခါမျှ မကြားဖူးကြသော လူများထံမှ ရရှိလာသော တစ်ခဲနက် ထောက်ခံမှုများက ချစ်ခြင်းမေတ္တာနှင့် ခေါင်း

mgyoe.com

mgyoe.com


ဆောင်ခြင်းဖြင့် ကျွန်တော်တို့သည် အနည်းငယ် ရှုးနှမ်းနှမ်းနိုင်သော အလုပ်ကို လုပ်နေမိခြင်းဖြစ်နိုင်သော်လည်း လူအများက တစ်စိတ်တစ်ပိုင်း အဖြစ် ပါဝင်ပတ်သက်ခွင့်ရရန် မွတ်သိပ်တမ်းတနေရသော တစ်စုံတစ်ရာ ကို ပြုလုပ်နေကြခြင်းဖြစ်ကြောင်းကိုလည်း ကျွန်တော့်ကို ယုံကြည်လာစေ သည်။

ရုပ်မြင်သံကြားအစီစဉ်မှ ကျွန်တော့်အတွေ့အကြုံများနှင့် ၎င်းအစီ အစဉ်အပေါ် တုံ့ပြန်မှုများကို ဖြေရှင်းပြောကြားရန် ဆောင်ရွက်ဆဲမှာပင် လူ့စွမ်းအားအရင်းအမြစ် မန်နေဂျာများ အဖွဲ့အစည်းမှ ပြုလုပ်သော ဆွေး နွေးပွဲတစ်ခု၌ ပါဝင်ရန် ကျွန်တော့်ကို ဖိတ်ကြားခဲ့သည်။ စတိတ်စင်ပေါ်သို့ ကျွန်တော် ရောက်သွားသောအခါ 'Undercover Boss' အစီအစဉ် အကြောင်းကို ခေါင်းစဉ်တပ်၍ ဆွေးနွေးလာသည်။ နောက်ထပ်ဖြစ်ပျက် သမျှမှာ ကျွန်တော့်ကို အံ့အားသင့်သွားစေခဲ့သည်။

အစီအစဉ်တင်ဆက်သူက ကျွန်တော်တို့အစီအစဉ်တွင် ပြသထား သော ကျွန်တော်တို့၏ စောင့်ရှောက်ကူညီမှုများ နောက်ကွယ်တွင် မည် သည့်အကြောင်းရှိနေသနည်းဟု မေးလာပါသည်။ ကျွန်တော်က HFE မှာရှိတဲ့ ခေါင်းဆောင်ခြင်းယဉ်ကျေးမှုကို သရုပ်ဖော်ဖို့ ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့အသုံးပြုပါတယ်။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို သူ တို့အလုပ်သမားတွေနဲ့အတူ ထက်သန်တက်ကြွမှုတွေ ဖန်တီးပေးမယ် ဆို ရင် အလုပ်သမားတွေကလည်း အပြန်အလှန် နိုးကြားတက်ကြွတဲ့ လုပ် ရှားမှုအတွေ့အကြုံတွေ ပြန်ပေးလိမ့်မယ်ဆိုတာ သူတို့သိအောင် လုပ်ပြီး အချင်းချင်း စေတနာ၊ မေတ္တာထားနိုင်ကြအောင် လေ့ကျင့်ပေးပါတယ်။ အဖွဲ့ အစည်းအများစုက လူတွေတစ်ဦးအပေါ် တစ်ဦး ဘယ်လိုဆက်ဆံ သင့် တယ် ဆိုတာကို ဆွေးနွေးဖို့ ရှောင်ကြဉ်ကြတယ်။ ဒါဟာ အဖွဲ့အစည်းတွေ မှာ မှားယွင်းနေတဲ့အရာလို့ ကျွန်တော်ထင်တယ်။ ချစ်ခြင်းမေတ္တာအကြောင်း ကိုပြောဖို့ ဘာကြောင့် ဒီလောက်ကြောက်ကြရတာလဲဟု ဖြေပေးလိုက်ပါသည်။

မမျှော်လင့်ဘဲ ပရိသတ်များက လက်ခုပ်သြဘာများ ပေးကြပါသည်။ တော်တော်နှင့် အသံမစဲပါ။ ထိုနေ့ညတွင် ဆွေးနွေးသော ခေါင်းစဉ်များ အားလုံးအနက် စီးပွားရေးလုပ်ငန်းတွင် ချစ်ခြင်းမေတ္တာကို အသုံးပြုခြင်းနှင့်

mgyoe.com

mgyoe.com

အလုပ်ခွင်အတွင်း တစ်ဦးအပေါ်တစ်ဦး ဆက်ဆံပုံအကြောင်း ဆွေးနွေးချက်မှာ ပရိသတ်လက်ခုပ်သြဘာအရဆုံး အကြောင်းအရာဖြစ်သွားပါသည်။ ချစ်ခြင်းမေတ္တာနှင့်ခေါင်းဆောင်ခြင်းအကြောင်းကို လူတွေပိုပြီး စိတ်ဝင်စားလာပါသည်။

များမကြာမီပင် အော်လန်ဒို၌ပြုလုပ်သော ကျွန်တော်တို့၏စက်မှုလုပ်ငန်းညီလာခံတွင် ကျွန်တော် စကားအနည်းငယ် ပြောခွင့်ရခဲ့သည်။ Disney၊ Universal တို့ကဲ့သို့ ကမ္ဘာတစ်ဝန်းလုံးရှိ ထင်ရှားကျော်ကြားသော ကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်ပေါင်း သုံးသောင်းကျော် ညီလာခံသို့ တက်ရောက်ခဲ့သည်။

တက်ရောက်လာကြသူများကို HFE ၏သမိုင်းအကြောင်းနှင့် ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းဟူသည့် ကျွန်တော်တို့၏ခံယူချက်အကြောင်းကို ကျွန်တော် ပြောကြားခဲ့သည်။ ကျွန်တော်တို့၏လုပ်ငန်း ပုံစံအကြောင်းကို ခြုံငုံ၍ ပြောပြခဲ့သော်လည်း ခေါင်းဆောင်မှုအပိုင်းကို ချဉ်းကပ်ရာတွင် ချစ်ခြင်းမေတ္တာကို မည်ကဲ့သို့ ကျွန်တော်တို့ အံသုံးပြုသည်ဆိုသောအကြောင်းကို အချိန်အများစု၌ ဆွေးနွေးခဲ့သည်။

တုံ့ပြန်မှုမှာ အားရဖွယ်ကောင်းလှသည်။ ကျွန်တော်၏ပြောကြားချက်အပြီးတွင် ညီလာခံခန်းမတစ်လျှောက် တက်ရောက်လာကြသူများက ထိုကဲ့သို့သောအကြောင်းအရာကို မျှဝေပေးသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း နှုတ်ဆက်သည်ကို အဆက်မပြတ်ပင် လက်ခံရရှိခဲ့သည်။ သူတို့သည်လည်း သူတို့၏အဖွဲ့အစည်းများအတွက် ချစ်ခြင်းမေတ္တာနှင့်ဦးဆောင်ခြင်းသည် အမှန်တကယ် ကောင်းမွန်သောအရာ ဖြစ်လာလေမည်လားဟု စဉ်းစားလာကြသည်။

နောက်တစ်နေ့တွင် ထုတ်ဝေသော စက်မှုလုပ်ငန်းသတင်းစာ၏ခေါင်းကြီးပိုင်းကို ကျွန်တော်၏ပြောကြားချက်ဖြင့် တင်ထားပြီး "ချစ်ခြင်းမေတ္တာက ဘယ်အခန်းကဏ္ဍကနေ ပါဝင်သလဲ" ဟု ခေါင်းစဉ်တပ်ထားပါသည်။ ထိုမေးခွန်းအဖြေကို ကျွန်တော့်ခေါင်းထဲမှာပင် ဖြေပေးလိုက်ပါသည်။ "အရာအားလုံး၊ ကဏ္ဍအားလုံး" ဟုပင်။

ဤအကြောင်းကြောင့်ပင် ဤစာအုပ်ကို သင့်လက်ထဲမှာ ကိုင်ဆောင်

mgyoe.com

mgyoe.com


ထားခြင်း ဖြစ်ပါသည်။ သင်သည် မည်သည့်အဖွဲ့အစည်းမျိုး၏အစိတ် အပိုင်းဖြစ်ပါစေ၊ သင် တာဝန်ယူထားရသော ခေါင်းဆောင်မှုအဆင့်က မည်မျှပင် ရှိပါစေ အဓိကအချက်များကိုသာ အလေးထားပြီး လိုချင်သော အရာကို မဖြစ်ဖြစ်အောင် လုပ်ခြင်းထက် သာလွန်ကောင်းမွန်သော ခေါင်း ဆောင်မှုနည်းလမ်းရှိလိမ့်မည်ဟု သင် မျှော်လင့်နေသောကြောင့်သာ ဤ စာအုပ်ကို ဖတ်နေခြင်းဖြစ်ပါသည်။

ပိုကောင်းသည့်နည်းလမ်းရှိကြောင်း ကျွန်တော် အတိအလင်းပြော လိုက်ပါမည်။ ထိုနည်းလမ်းမှာ ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်း ဖြစ်ပါသည်။ အလုပ်သမားများအပေါ် လေးစားမှုထားပြီး ပဓာနကျသော အချက်ကို ဖွံ့ဖြိုးစေသော ခေါင်းဆောင်သည့်နည်းလမ်းတစ်ခု၊ ဒုတိယ အကြိမ်အခွင့်အရေးများကို ပေးစွမ်းနိုင်သော တာဝန်သိတတ်မှုကို လိုအပ် သော ခေါင်းဆောင်သည့်နည်းလမ်းတစ်ခု ဖြစ်ပါသည်။ လိုရင်းကိုဆိုရလျှင် သင့်အဖွဲ့အစည်း၏အစဉ်အလာနှင့် သင်၏ဦးဆောင်ပုံကို ပြောင်းလဲရန် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။

ဤစာအုပ်အတွင်းရှိ အကြောင်းအရာများနှင့် စည်းမျဉ်းများကို သင် မဖတ်ရသေးခင်အထိ သင်ယုံကြည်လာဖို့ ကျွန်တော် မမျှော်လင့်ပါ။ ကျွန် တော့်အတွေ့အကြုံများကလည်း နတ်သမီးပုံပြင်များ မဟုတ်ကြပါ။ နာ ကျင်မှုများ၊ မှားယွင်းမှုများ၊ ဆုံးရှုံးမှုများနှင့်သာ ပြည့်နှက်နေပါသည်။ သို့သော် HFE သို့ ရောက်လာခြင်းက ကျွန်တော်၏ဘဝနေမှုပုံစံ၊ ခေါင်း ဆောင်မှုအပေါ် ကျွန်တော့်အမြင်တို့အား ပြောင်းလဲသွားစေခဲ့ကြောင်း ကျွန် တော်ပြောနိုင်ပါသည်။ ဤစာအုပ်၏အဆုံးသတ်တွင် အချက်တစ်ချက်ကို သင်နားလည်လက်ခံလာအောင် ကျွန်တော် လုပ်နိုင်လိမ့်မည်ဟု မျှော်လင့် မိပါသည်။ ချစ်ခြင်းမေတ္တာဖြင့် ပြီးမြောက်အောင်မြင်နိုင်သည် ဟူသော အချက်ပင်ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com

# ချစ်ခြင်းမေတ္တာနှင့် ခေါင်းဆောင်ခြင်း

ထူးချွန်ထက်မြက်သော ခေါင်းဆောင်များအတွက်
ထာဝရစည်းမျဉ်း (၇) ခု

မြန်မာပြန် - ဧရာတု

LOVE WORKS

by

Joel Manby

mgyoe.com

mgyoe.com

# ၃

# ခါးသီးပွယ်ည

ညက ခါးသီးစရာကောင်းနေတုန်းပဲ၊ ငါကတော့
ခွေးတစ်ကောင်လို အလုပ်လုပ်နေဆဲ
ဂျွန်လင်နွန်နှင့် ပေါလ်မက္ကာတနီ

mgyoe.com

mgyoe.com

# ၁ – ၁

## ဒါဟာ ဘဝရဲ့အဓိပ္ပာယ်လား

၂၀၀၀ ပြည့်နှစ်၊ ဇွန်လ၏ အေးမြသော ညနေခင်းတစ်ခုဖြစ်ပါသည်။ ကျွန်တော့်ဇနီးနှင့်ကလေးများ နေထိုင်ရာ အတ္တလန္တာမှ မိုင်ပေါင်း ၃၀၀၀ ကျော်ကွာဝေးသော ကယ်လီဖိုးနီးယားမြောက်ပိုင်းရှိ အခန်းလေး တစ်ခန်း အတွင်း၌ ကျွန်တော်တစ်ယောက်တည်း ထိုင်နေခဲ့သည်။ အခန်း အတွင်း၌ ဘာဆိုဘာမှမရှိဘဲ ဗလာဟင်းလင်းနှင့်ဖြစ်သည်။ ပန်းချီကားချပ်တွေမရှိ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ပစ္စည်းပစ္စယတွေမရှိ။ ယုတ်စွအဆုံး စိတ်ကြည်နူးစရာ ပန်းအိုးတစ်အိုးပင် မရှိပေ။ အိပ်စက်ရန်နေရာတစ်ခုသက်သက်သာဖြစ်သည်။

အပြင်ဘက်ရှိ ဖွဲ့ဖွဲ့စွေရွာနေသော မိုးကသာ ကျွန်တော့်အတွက် ပြီးပြည့်စုံသော ပန်းချီကားတစ်ချပ် ဖြစ်နေသည်။ Greenlight.com ဟု အမည်ရသော အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအသစ်တစ်ခုတွင် အသစ်စက်စက် ခေါင်းဆောင်ရမည့်သူအဖြစ် ကျွန်တော် ဆောင်ရွက်နေရသည်။

ထိုညက ကျွန်တော့်ကို ဖိစီးနှိပ်စက်နေသော ဖိအားများနှင့် စိတ်ခံစားချက်များ လျော့ပါးသက်သာသွားလောက်အောင် ကျွန်တော်သောက်ပြီးသွားပြီဖြစ်သည်။ သို့သော် ကျွန်တော် ဘာကို ဆက်လုပ်ရမည်လဲ။ ညစဉ်ညတိုင်း ပိုပိုပြီးသောက်သွားရမှာလား။ ကျွန်တော့်ဘဝမှာ စိတ်ဓာတ်ကျသောဝေဒနာကို ရုန်းကန်တွန်းလှန်ခဲ့ရသော အချိန်ကာလကလေးများရှိခဲ့ဖူးပါသည်။ ဒီတစ်ကြိမ်ကတော့ ကျွန်တော့်အတွက် အားအကောင်းဆုံး

mgyoe.com

ဖြစ်နေပါသည်။ ဤအခြေအနေကို ကျွန်တော်တောင့်ခံထားနိုင်ပါ့မလား ဆိုတာ ကျွန်တော်မသိပါ။ ဘာကို ဘယ်လိုရွေးချယ်ရမယ်ဆိုတာ ကျွန်တော် စဉ်းစား၍မရပါ။ မိုးပေါက်တွေက ပြတင်းပေါက်မှန်ကို လာစင်နေသည်။ ကျွန်တော့်စိတ်ထဲတွင် မေးခွန်းတစ်ခုက တဝဲလည်လည်ပေါ်နေပါသည်။

ကျွန်တော့် အသက်မွေးမှုလမ်းကြောင်းက မြန်နှုန်းမြှင့်ထားသော လမ်း လျှောက်စက်ပေါ် လမ်းတက်လျှောက်ရသလိုမျိုးဖြစ်သည်။ ၁၉၈၅ ခုနှစ် တွင် ဟားဗတ်စီးပွားရေးကျောင်းကြီးမှ ဘွဲ့ရပြီးသည့်နောက် ကျွန်တော် နှင့်ဇနီး မာကီတို့သည် တစ်စတစ်စ တာဝန်နှင့်ဖိအား ပိုများလာသော ခေါင်းဆောင်ရာထူးအသစ်များကို လက်ခံလုပ်ကိုင်ခဲ့ရသည်။ ၁၅ နှစ် အတွင်း ဆယ်ကြိမ်ဆယ်ခါ ပြောင်းရွှေ့ခဲ့ကြရသည်။ မရပ်မနား ပြောင်း ရွှေ့နေရခြင်းက ကျွန်တော်တို့ မိသားစုဘဝနှင့် ကျွန်တော့် သမီးငယ်များ အတွက် ပင်ပန်းလေးလံသော ဝန်ထုပ်ဝန်ပိုး ဖြစ်လာသည်။

အသစ်ထူထောင်ခါစ Saturn Corporation သို့ ပြောင်းရွှေ့စဉ် ကဆိုလျှင် သုံးနှစ်အတွင်း သုညမှ ၅ ဘီလျံ အမြတ်အစွန်းရအောင် ဆောင် ရွက်ခဲ့သည်။ ထိုအလုပ်က မြဲမြံခိုင်မာသောစိတ်နှင့် မရေမတွက်နိုင်သော နာရီများစွာ အလုပ်လုပ်ရန် လိုအပ်သည်။ Saturn မှာ အလုပ်လုပ်စဉ် Saab မြောက်အမေရိက၏ စီအီးအိုအဖြစ် ကျွန်တော့်ကို ရာထူးတိုးပေး ခဲ့သည်။ ထိုလုပ်ငန်းခွဲတွင် အရှုံးပေါ်နေသဖြင့် ကျွန်တော်က ပြောင်းလဲ အောင် ဆောင်ရွက်ရမည်ဖြစ်သည်။ မရေမတွက်နိုင်အောင် နောက်ကျသော ညများ၊ မနားတမ်းထွက်ရသော ခရီးများ၏ ရလာဒ်မှာ အဆုံးမရှိသော ဖိ အားများဖြစ်ကြသည်။ ကျွန်တော်နှင့်အဖွဲ့သားများက Saab ၏ မြောက် အမေရိကသမိုင်းတွင် ဒုတိယအကောင်းဆုံးနှစ်အဖြစ် ကုမ္ပဏီကို ပြန်လည် ကယ်ဆယ်ပြီးချိန်အထိ ကျွန်တော့်ဘက်မှ ပျက်ကွက်မှုများ ဆက်နေခဲ့သော် လည်း မိသားစုက ကျွန်တော့်ကို နားလည်ပေးခဲ့သည်။

ကံအကြောင်းမလှသောအချက်မှာ အဆုံးသတ်သွားသော ကိစ္စ ဟူ၍ မရှိခြင်းပင်ဖြစ်သည်။ ကျွန်တော့်မိသားစုနှင့်အတူ အချိန်များများပေး၍ နေထိုင်ဖို့အခွင့်အရေး ကျွန်တော့်မှာ ရှိမလာခဲ့ပါ။ Saab နှင့် သုံးနှစ်ကြာ လက်တွဲ၍ ၁၉၉၉ ခုနှစ်အရောက်တွင် အာရှနှင့်တောင်အမေရိကအပိုင်း

mgyoe.com


တို့ကိုပါ ကိုင်တွယ်ရန် ကျွန်တော့်တာဝန်ကျလာသည်။ ထို့ကြောင့် ကယ်လီဖိုးနီးယားရှိ ထိုဗလာထီးတည်းအခန်းအတွင်းဝယ် ကျွန်တော် တစ်ယောက်တည်း ထိုင်နေခဲ့သည့် ညမတိုင်မီ တစ်နှစ်ခန့်က ရက်ပေါင်း ၂၅၀ ထက်မနည်းဘဲ လမ်းပေါ်မှာ ကျွန်တော့်အချိန်တွေကို ကုန်လွန်စေခဲ့သည်။ အထူးသဖြင့် အာရှမှာ ဖြစ်သည်။ အိမ်၌ ကျွန်တော်ရှိနေသည့်အချိန်မှာပင် ဆွီဒင်မှ နံနက် ၆ နာရီ ဖုန်းခေါ်ဆိုမှုများ၊ အာရှဈေးကွက်များမှ ည ၁၁ နာရီ ဖုန်းခေါ်ဆိုမှုများကို တောက်လျှောက်လက်ခံဖြေကြားနေရသည်။ ကျွန်တော် ချုံးချုံးကျသွားသည်။ ပင်ပန်းနွမ်းနယ်လွန်းသဖြင့် ဘာမျှမလုပ်ချင်တော့။ မာကီလည်း ထို့အတူပင် ဖြစ်သည်။

၁၉၉၉ စက်တင်ဘာ ၁၃ တွင် Saab ဖြန့်ချိရေးကိုယ်စားလှယ်များ အစည်းအဝေးအတွက် ဩစတြီးယားသို့ ကျွန်တော်ရောက်ရှိနေရာမှ မာကို့ထံသို ဖုန်းခေါ်လိုက်သည်။ သူမစကားပြောသောအခါ အသံမှာဆို့နင့် အက်ကွဲနေသည်။ "ကျွန်မရဲ့မွေးနေ့မှာ ရှင်အဝေးကိုရောက်နေတာ ဒါဒုတိယမြောက်နှစ်ပဲ။ ရှင် အိမ်မှာ ရှိပြန်တော့လည်း အဲဒါက ..."

သူမ ပြောထွက်အောင် မနည်းကြိုးစားနေရမှန်း ကျွန်တော် ခံစားမိသည်။

"ရှင်အိမ်မှာရှိပြန်တော့လည်း ရှင်တကယ်အိမ်မှာရှိနေသလိုမျိုး မခံစားရဘူး"

အချိန်တော်တော်ကြာအောင် အသံတိတ်သွားသည်။ သူမကိုယ် သူမ ထိန်းသိမ်းနိုင်အောင် ကြိုးစားနေရကြောင်း ကျွန်တော်ပြောနိုင်ပါသည်။ နောက်ဆုံးမှာ သူမ စကားပြန်စသည်။ "ဒါဟာ ကျွန်မ မျှော်လင့်ထားတဲ့ ပုံစံမဟုတ်ဘူး။ ဒီအခြေအနေကို ကောင်းကောင်းကိုင်တွယ်နိုင်လိမ့်မယ်လို့ ကျွန်မ ထင်ခဲ့တယ်။ ကြိုးလည်းကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကျွန်မတို့မိသားစုအတွက်တော့ အဆင်မပြေဘူး။ ရှင်စိတ်ပျက်နေတယ်။ ပြီးတော့ ပျော်လည်း မပျော်ဘူး။ ကျွန်မလည်း အတူတူပဲ။ ကလေးတွေကဆို ရှင်ဘယ်လိုလူဆိုတာကို ကောင်းကောင်းမသိကြတော့ဘူး။ တစ်ခုခု ပြောင်းလဲပစ်ဖို့တော့လိုနေပြီ"

တိတ်ဆိတ်သွားသောအသံက အဆုံးသတ်ရှိပါတော့မလားဟု ထင်မှတ်ရသည်။

မာကီ ပြောတာမှန်ပါသည်။ တစ်ခုခုကို ပြောင်းလဲပစ်ဖို့တော့ လိုသည်။

mgyoe.com

ကွာရှင်းပြတ်စဲခြင်းကတော့ ကျွန်တော်တို့အတွက် ရွေးချယ်စရာကိစ္စမဟုတ်။ သို့သော် မာကို့ကို အိမ်မှာ အမြဲတစေ ဤအတိုင်းထားခဲ့မည်ဆိုလျှင် ကျွန်တော်တို့အိမ်ထောင်ရေးက အဓိပ္ပာယ်ရှိလာနိုင်တော့မည်မဟုတ်ဆိုတာကို ကျွန်တော်သိနေသည်။ အောင်မြင်သော အိမ်ထောင်ရေးကို ကျွန်တော်လိုလားခဲ့သည်။ ဖခင်ကောင်းတစ်ယောက် ကျွန်တော်ဖြစ်ချင်သည်။ ထို့ကြောင့် ကျွန်တော့်အလုပ်ရှင် Saab ၏ ကမ္ဘာလုံးဆိုင်ရာ အကြီးအကဲစီအီးအိုကို ကျွန်တော်မေးလိုက်သည်။ ကျွန်တော့်ခရီးစဉ်တွေကို တစ်ဝက်လောက်လျှော့ချပစ်နိုင်မည့်အခြေအနေဖြစ်သော မြောက်အမေရိက အော်ပရေးရှင်း၏စီအီးအိုအဖြစ်နှင့်သာ ပြန်လည်လုပ်ကိုင်လိုကြောင်း ကျွန်တော်ပြောကြည့်သည်။ သူက ငြင်းဆန်ခဲ့ပါသည်။

စကားတစ်ခွန်း၊ နှစ်ခွန်း ပြောလိုက်ရုံနှင့် သင့်ဘဝလမ်းကြောင်းကို ယတိပြတ် ပြောင်းလဲသွားစေသည့်အချိန်မျိုး ကြုံဖူးပါသလား။ ကျွန်တော့်အနေဖြင့် လမ်းဆုံလမ်းခွမှာ ရပ်နေမိသလိုမျိုး ဖြစ်နေပါသည်။ မှန်ကန်သော ရွေးချယ်မှုကိုပြုလုပ်ရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ကျွန်တော်၏မှန်ကန်သော ရွေးချယ်မှုကတော့ ကလေးများနှင့် တဖြည်းဖြည်း သူစိမ်းပြင်ပြင် ဖြစ်လာစေသော၊ မွေးနေ့များကို တစ်နှစ်ပြီးတစ်နှစ် ပျက်ကွက်စေသော လမ်းကြောင်းမဟုတ်တာ သေချာပါသည်။

Saab ကို စွန့်ခွာခြင်းက ကျွန်တော့်မိသားစုကို ပြန်လည်စိုပြည်အောင် ပြုလုပ်နိုင်မည့်အခွင့်အရေး၊ ပိုကောင်းမည့် ဘဝနေမှုပုံစံဖြစ်နိုင်သည်ဟု ကျွန်တော်ယူဆသဖြင့် ဆုံးဖြတ်ရခက်သော ရွေးချယ်မှုကို ကျွန်တော် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကွန်ပျူတာ mouse ကို တစ်ချက်၊ နှစ်ချက် နှိပ်ရုံဖြင့် ကားဝယ်နိုင်အောင် ဝန်ဆောင်မှုပေးသော Greenlight.com ရှိ စီအီးအိုရာထူးကို လက်ခံရန် ကျွန်တော်ဆုံးဖြတ်ခဲ့သည်။ အသစ်မှ စခြင်းသည် ခက်ခဲလိမ့်မည်ဆိုသည်ကို ကျွန်တော်သိပါသည်။ သို့သော် ပြည်ပခရီးထွက်ရမည့်ကိစ္စများ၊ ကြီးကြီးမားမား ဘဏ္ဍာရေးပြဿနာများ ရှိနိုင်တော့မည်မဟုတ်ဟု ကျွန်တော် ယုံကြည်ထားခဲ့သည်။

ကျွန်တော်၏စိတ်ကူးဆပ်ပြာပူဖောင်းမှာ ဖျတ်ခနဲ ပေါက်ထွက်သွားပါသည်။ Greenlight.com ၌ ကျွန်တော်အလုပ်ဆင်းသည်။ ပထမ ရက်

mgyoe.com


သတ္တပတ်မှာပင် NASDAQ (National Associatoin of Secutities Dealers Automated Quotations) ဈေးကွက်ကျဆင်းသွားပြီး ၎င်းတန်ဖိုး၏ သုံးပုံတစ်ပုံထက် မနည်းဆုံးရှုံးခဲ့ရသည်။ ငွေသားပေးချေမှု ကိုပင် ကျွန်တော်တို့အသုံးမပြုရသေးပေ။ အလုပ်စဝင်ပြီး ဒုတိယရက်သတ္တပတ် အကုန်တွင် ကျွန်တော်တို့အဖွဲ့မှ အလုပ်သမား လေးပုံသုံးပုံကို အလုပ်မှ နားခိုင်းလိုက်ရသည်။

အတ္တလန္တာရှိ ကျွန်တော်တို့အိမ်ကို ရောင်းချရန် ပြင်ဆင်ပြီးသော်လည်း Greenlight.com ကို ကယ်တင်နိုင်ရန် အချိန်ပြည့် ကြိုးပမ်းအားထုတ်နေရသဖြင့် ကျွန်တော့်မိသားစု နေရေးထိုင်ရေးကိစ္စအတွက် နှောင့်နှေးနေခဲ့သည်။ ကယ်လီဖိုးနီးယားတွင် အခန်းတစ်ခန်းကို ကျွန်တော်ငှားလိုက်ပြီး အတ္တလန္တာသို့ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်သာ ပြန်သွားနိုင်သည်။

မိသားစုနှင့်အတူ နီးနီးကပ်ကပ် နေနိုင်လိမ့်မည်ဟူသော အထင်ဖြင့် ကျွန်တော် ရွေးချယ်ခဲ့သောလမ်းကြောင်းမှာ အပြင်ဘက်တွင် မိုးတစိမ့်စိမ့်ရွာ၍ မျှော်လင့်ချက်ကင်းမဲ့သော ခံစားမှုတို့အတွင်းတွင် စိမ့်ပျော်ဝင်နေသော ကယ်လီဖိုးနီးယားရှိ အထီးကျန်ဗလာဟောင်းလောင်း အခန်းတစ်ခန်း အတွင်းသို့သာ ကျွန်တော့်ကို ပို့ဆောင်ခဲ့ပါသည်။ တစ်ယောက်တည်း ထိုင်၍ နောက်ဆုံးဝိုင်တစ်ခွက်ကို လက်စသတ်နေစဉ် မေးခွန်းများက ကျွန်တော့်ကို အဆက်မပြတ် ထိုးနှက်နေပါသည်။

"ငါ ဒီလောက်ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ ကြိုးစားနေတဲ့ ငါ့ရဲ့အလုပ်ဟာ ဘာအတွက်လဲ။ အလုပ်တွေ ပိုကြိုးစားလေ၊ ရာထူးတွေ တိုးလေလေ။ ရာထူးတွေ တိုးလာလေ ငါ့ရဲ့ဘဝဟာ ပိုပြီးဆိုးသွားလေပဲ။ ငါ့ရဲ့ အသက်မွေးဝမ်းကြောင်းအလုပ် မျှော်မှန်းချက်တွေနဲ့ မိသားစုရဲ့ မျှော်မှန်းချက်တွေကို အဆင်ပြေအောင် ညှိနှိုင်းနိုင်ဖို့ မျှော်လင့်စရာမရှိတော့ဘူးလား။

ငါ့ရဲ့တန်ဖိုးထားစိတ်က ငါအလုပ်လုပ်နေတဲ့ ကုမ္ပဏီတွေရဲ့ လုပ်ဆောင်ချက်တွေမှာ ချည်နှောင်ထားမိပြီ။ အမြတ်အစွန်း အစီရင်ခံချက်တွေအပေါ်မှာ ငါ့စိတ်ခံစားမှုအားလုံးကို ပုံပြီးထားနိုင်ပါ့မလား။ ဘဝဆိုတာ ဒါပဲလား။

စီးပွားရေးလောကမှာ အသက်မွေးမှုပုံစံက ဒီလိုပဲဆိုလျှင် ငါ့ရဲ့ အရည်အချင်းနဲ့ ငါ့တန်ဖိုးတွေကို တစ်ပေါင်းတစ်စည်းတည်း ထားနိုင်မယ့် တခြား

mgyoe.com

အလုပ်နယ်ပယ်တစ်ခုကို ပြောင်းလုပ်သင့်သလား။ ဒါပေမဲ့ ငါ ရယူထားတဲ့ အတွေ့အကြုံတွေ အားလုံးကို လက်လျှော့လိုက်မှာကရော မှန်ကန်တဲ့ ရွေးချယ်မှုလား။"

ထိုနေ့ညက ကျွန်တော့်အပေါ်မှာ ကမ္ဘာကြီးတစ်ခုလုံး ဖိသိပ်အုပ်မိုးကျလာသလိုခံစားရပြီး လွတ်ရာလွတ်လမ်းကို ရှာဖွေနေခဲ့မိသည်။ လောကကြီးကနေ ထွက်ခွာသွားချင်သည့်အထိ မိုက်မိုက်မဲမဲ စဉ်းစားမိပါသည်။ သို့သော် ဤနည်းလမ်းက ကျွန်တော့်မိသားစုအပေါ် ဘယ်လိုသက် ရောက်မှုမျိုးပေးမည်ကို ကျွန်တော်သိပါသည်။ ကျွန်တော် ထိုမျှ တစ်ကိုယ်ကောင်း မဆန်ချင်ပါ။ ကျွန်တော့်မှာ အခြားရွေးချယ်စရာရော ဘာများရှိဦးမည်နည်း။

ကျွန်တော့်ဆဲလ်ဖုန်းက အသံမြည်လာပါသည်။ ဂျက်ဟာရှန်ဖြစ်သည်။ သူက ကမ္ဘာပေါ်ရှိ အပန်းဖြေဖျော်ဖြေရေး ကုမ္ပဏီကြီးများအနက် အကြီးဆုံးကုမ္ပဏီကြီးတစ်ခုဖြစ်သော Herschend Family Entertainment Corporation (HFE) ၏ ဥက္ကဋ္ဌဖြစ်သည်။ HFE ဘုတ်အဖွဲ့တွင် ကျွန်တော် ပါဝင်သည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ပြီး ဂျက်နှင့် ကုမ္ပဏီကို ကျွန်တော်များစွာ အထင်ကြီးပါသည်။

"ဂျိုအဲလ် အခြေအနေကောင်းရဲ့လား ငါ့ညီ"

ကျွန်တော့်မှာ ပြန်ဖြေစရာစကားမရှိပါ။ စိတ်ထိခိုက်ရာမှ ဖြစ်ပေါ်လာသော မျက်ရည်များသာ သွန်ကျလာပါသည်။ ဂျက်၏ကြီးမားသော နားလည်စာနာပေးနိုင်စွမ်းက ကျွန်တော့်ကို ထိုသို့ခံစားရအောင် ပြုလုပ်နေပါသည်။ သူက နားထောင်ဖို့ အမြဲအဆင်သင့်ရှိသူဖြစ်သည်။ ပြီးတော့ လူတွေကို အလေးအနက် ဂရုစိုက်ကြင်နာသူလည်း ဖြစ်သည်။

ကျွန်တော့်ကိုယ်ကျွန်တော် တည်ငြိမ်မှုရအောင် မြန်မြန်လုပ်လိုက်ပြီး အခြေအနေကို ရှင်းပြသည်။ မျိုသိပ်ဖုံးကွယ်ထားသော ကျွန်တော့်ရင်ထဲက အကြောင်းအရာတွေကို ဖော်ထုတ်ပြလိုက်သည်။

နောက်ထပ် သူပြောသည့်စကားတို့မှာ ကျွန်တော့်ကို အံ့အားသင့် သွားစေခဲ့သည်။

"ဂျိုအဲလ်ရေ၊ ဒီဖုန်းခေါ်ဆိုမှုက အချိန်ကိုက်ဖြစ်နေတာ ကံတရားလို့ပဲ ဆိုရမလားမသိဘူး။ နောက်နှစ်မှာ ကိုယ်ဥက္ကဋ္ဌရာထူးက အနားယူတော့

mgyee.com

မယ်။ ဘုတ်အဖွဲ့မှာပါဝင်တဲ့သူအားလုံးက မင်းကို HFE ရဲ့နောက်လာမယ့် ဥက္ကဋ္ဌအဖြစ် မြင်ချင်နေကြတယ်။ မင်းရဲ့ခေါင်းဆောင်မှု အားသာချက်တွေနဲ့ပုံစံကို ကုမ္ပဏီက လိုအပ်တယ်လို့ ကိုယ်တို့ယူဆတယ်။ အဲဒါ မင်းစဉ်းစားပေးနိုင်မလား"

ကျွန်တော် ဘာပြောရမှန်းမသိဖြစ်သွားသည်။

"ဂျိုအဲလ် မင်းမိသားစုအခြေအနေတွေနဲ့ပတ်သက်ပြီး ရုန်းကန်ရင်ဆိုင်နေရတယ်ဆိုတာကို ကိုယ်သိပါတယ်။ HFE ရဲ့ အစဉ်အလာနဲ့ တန်ဖိုးထားမှုတွေက မင်းအတွက် အဆင်အပြေဆုံးဖြစ်လိမ့်မယ်လို့ ငါထင်တယ်"

အစဉ်အလာ၊ တန်ဖိုးထားမှု၊ ကျွန်တော့်မိသားစု ဝင်လုပ်ရမည့် အလုပ်အကိုင်တစ်ခုအတွက် ဖိတ်ခေါ်သည့်စကားရပ်တွင် ဤအကြောင်းအရာများကို ပြောနေခြင်းက သမားရိုးကျကြိုဆိုမှုမျိုး မဟုတ်ပေ။

ကျွန်တော် ဘာစကားမှ ပြန်မပြောနိုင်ပါ။ ကျွန်တော့်မျက်ဝန်းတွင် မျက်ရည်တို့ ပြန်ပြည့်လာပြီး လည်ပင်းထဲဝယ် ဆို့နင့်နေပါသည်။ ဂျက်နှင့်သူမိသားစုသည် HFEကို ဆယ်စုနှစ် လေးခုထက်မနည်း လည်ပတ်လှုပ်ရှားစေခဲ့သည်။ သူနှင့် သူ၏အစ်ကို ပီတာတို့ တည်ထောင်ခဲ့သော အမွေအနှစ်တစ်ခုအား လက်ဆင့်ကမ်းတာဝန်ယူပေးရန် ကျွန်တော့်ကို တောင်းဆိုနေခြင်းဖြစ်ပါသည်။

သူ့စကားများက သူနှင့်သူ့ကုမ္ပဏီအကြောင်းကိုသာ မဟုတ်ဘဲ ကျွန်တော်၏ပုဂ္ဂိုလ်ရေးဘဝအတွက်ပါ ပါနေပါသည်။ သူက ကျွန်တော့် မိသားစုအတွက်ပါ ပူပန်ပေးသတဲ့လား။ ထိုညက သူ့ကမ်းလှမ်းချက်မှာ မှင်တက်နေမိသဖြင့် "ဒါဘယ်လို ခေါင်းဆောင်မျိုးလဲ" ဆိုသည့် ကိုယ့်မေးခွန်းကို ကိုယ်ပြန်ဖြေဖို့ နားမလည်နိုင်အောင် ရှိခဲ့ရပါသည်။

နောက်ပိုင်းမှာ ကျွန်တော်နားလည်ခဲ့ရသည်ကတော့ အဖြေက ရိုးရိုးလေးဖြစ်သည်။ ချစ်ခြင်းမေတ္တာနှင့်ခေါင်းဆောင်သောသူ ဆိုတာပဲဖြစ်ပါသည်။

*

## ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်း

ဂျက်နှင့်ပီတာ ဟာရှန်တို့လို လူမျိုးနှင့်တွေ့ဆုံရန် ကျွန်တော့်အတွေ့

mgyoe.com

mgyee.com

အကြံဉာဏ ပြင်ဆင်ထားနိုင်ခြင်း လုံးဝမရှိပါ။ ကျွန်တော့် ဘဝတစ်လျှောက်လုံး ကိန်းဂဏန်းများနှင့်သာ ရှင်သန်ရပ်တည်ခဲ့ရသည်။ ကိန်းဂဏန်းများသည်သာ ကျွန်တော့် ခေါင်းဆောင်များ၏အသည်းစွဲဖြစ်ခဲ့သောကြောင့်ဖြစ်သည်။ ကျွန်တော့်မှာ ပိုမိုလေးနက်သည့် စည်းမျဉ်းများရှိခဲ့လျှင် ၎င်းတို့ကို ကုမ္ပဏီတံခါးဝမှာပင် တစ်ခါတည်း သိမ်းဆည်းခဲ့ရန် လိုပါသည်။ အကြောင်းမှာ အလုပ်ခွင်သို့ ကျွန်တော်ရောက်သည်နှင့် အရာရာကို အကျိုးအမြတ်တွက်၍ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။

ကျွန်တော့်လုပ်ဆောင်မှုများ ကောင်းမွန်လျှင် ချီးမြှင့်မြှောက်စားခံရမည်။ ရိုသေလေးစားခံရမည်။ ကျွန်တော် ကျရှုံးလျှင် ကျွန်တော့်ကို မျက်စိဒေါက်ထောက်ကာ စောင့်ကြည့်ခံရသလို ကျွန်တော် ခံစားရမည်။ ရိုးရိုးကလေးပဲဖြစ်သည်။ ကျွန်တော့်အတွင်း စိတ်ထဲမှာတော့ ပိုကောင်းမည့်နည်းလမ်းတစ်ခုကို မျှော်လင့်နေသည်။ လုပ်ငန်းခေါင်းဆောင်တစ်ဦးအဖြစ်သာမက လူပုဂ္ဂိုလ်တစ်ဦးအဖြစ်နှင့်ပါ ညီညွတ်မျှတမှုမျိုး ရှိခြင်းကို ကျွန်တော်လိုလားသည်။ ကျွန်တော်နှင့် အလုပ်အတူလုပ်သော၊ ကျွန်တော့်အတွက် အလုပ်လုပ်ပေးကြသောသူများကို ကူညီစောင့်ရှောက်ချင်သည်။ အကျိုးအမြတ်နှင့် လူများအကြား (သို့မဟုတ်) အကျိုးအမြတ်နှင့် စည်းမျဉ်းများအကြား မှားမှားယွင်းယွင်း ခွဲခြားသတ်မှတ်ခြင်းကို ငြင်းပယ်သောနေရာမျိုးတွင် ကျွန်တော် အလုပ်လုပ်ချင်သည်။ လိုရင်းကိုဆိုရလျှင် ဘုရားကျောင်းမှာ မိသားစုနှင့်အတူရှိသည့်အခါ၊ အလုပ်ခွင်မှာ ကျွန်တော်တစ်ယောက်တည်းရှိနေသည့်အခါမှာပင် ကျွန်တော်ဟာ ကျွန်တော်ပဲ ဖြစ်နေချင်သည်။

သို့သော် စီးပွားရေးလောက၌ ကျင်လည်ခဲ့သော ကျွန်တော့်အတွေ့အကြုံအရ ၎င်းမှာ ဖြစ်နိုင်ချေနည်းပါးသော အိပ်မက်တစ်ခုသာဖြစ်သည်ကို ကျွန်တော်သိပါသည်။

ဂျက်နှင့်ဖုန်းပြောရသည့်အခါမှပင် ကျွန်တော်၏မေးခွန်းအတော်များများကို အဖြေထုတ်ပေးနိုင်မည့် အဖြစ်အပျက်များ အစပြုအခြေတည်လာပါသည်။ ယင်းအချိန်မှာ ကျွန်တော်နားလည်သဘောပေါက်ခဲ့ခြင်း မဟုတ်ပါ။ သို့သော် HFE တွင် ရရှိမည့် ကျွန်တော့်အတွေ့အကြုံက ခေါင်းဆောင်မှုအပေါ် ကျွန်တော်ရှုမြင်ခဲ့ပုံ၊ ရှုမြင်နေပုံကို လုံးဝပြောင်းလဲပစ်နိုင်ပါလိမ့်မည်။

mgyee.com

mgyoe.com


ဤစာအုပ်သည် ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းက အဖွဲ့အစည်းတစ်ခုကို စီမံခန့်ခွဲရာတွင် အကောင်းဆုံးနည်းလမ်းဖြစ်သည် ဆိုသော ခံယူချက်မှ မွေးဖွားလာခြင်းဖြစ်သည်။

ဘယ်အဖွဲ့အစည်းမှာမဆို အဲဒီလိုဖြစ်နိုင်သလားဟု စာရှုသူက မေးခွန်းထုတ်နိုင်ပါသည်။ ၎င်းက အငြင်းပွားဖွယ်အဆိုတစ်ခုဖြစ်သည်ကို ကျွန်တော်နားလည်ပါသည်။ သို့သော် ခေါင်းဆောင်တစ်ဦးအဖြစ်နှင့် လူသားတစ်ဦးအဖြစ် ကျွန်တော့်ကိုယ်ကျွန်တော် ပုံဖော်ပေးနိုင်မည့်လမ်းတစ်လျှောက်လုံးဝယ် ၎င်းအဆိုက အမှန်ကန်ဆုံးဖြစ်သည်ကို ကျွန်တော်လည်း ယခုနားလည်လာပါသည်။ ချစ်ခြင်းမေတ္တာဆိုသည်မှာ ခံစားချက်တစ်ခု မဟုတ်ပါ။ လုပ်ဆောင်မှုသာ ဖြစ်ပါသည်။ ခေါင်းဆောင်များနှင့်အဖွဲ့အစည်းများအားလုံး မှန်းဆထား၍ မရနိုင်သည့်အောင်မြင်မှုနှင့် စိတ်ကျေနပ်မှုတို့ကို ခံစားနိုင်သော လုပ်ဆောင်မှုဖြစ်ပါသည်။

✱

## အခြေခံသတ်မှတ်ချက်

ချစ်ခြင်းမေတ္တာအကြောင်းကိုပဲ ဤသို့ပြောနေခြင်းက အဖွဲ့အစည်းတစ်ခုကို ခေါင်းဆောင်ခြင်း၏ခက်ခဲကြမ်းတမ်းသော အမှန်တရားကို ရှောင်ရှားချင်သော ဆင်ခြေတစ်ခုဖြစ်နေမည်ကို သင်စိုးရိမ်ပါက သင်စိတ်သက်သာရာရအောင် ပြုလုပ်ပေးချင်ပါသည်။

အခြေခံသတ်မှတ်ချက်လိုပါသည်။ ကျွန်တော်တို့၏ဘဏ္ဍာရေး ရည်မှန်းချက်များ မပြည့်မီလျှင် HFE ၌ ရှိသော အခြားဦးတည်ချက်များကို ကျွန်တော်တို့ရရှိအောင်မြင်နိုင်မည်မဟုတ်ပါ။ သို့ရာတွင် အလုပ်သမားများနှင့် စားသုံးသူများအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးအမြတ်များကို ကျွန်တော်တို့ ရရှိပါသည်။ အကျိုးအမြတ်ကို အလိုအလျောက်ရရှိလာခြင်းမဟုတ်ပါ။ မှန်ကန်သောအရာကို ထပ်ကာတလဲလဲ လုပ်ဆောင်ရာမှ ရရှိသော ရလာဒ်ဖြစ်ပါသည်။

HFE ၌ နောက်ဆုံးခုနစ်နှစ်တာကာလအတွင်းတွင် ၅၀ ရာခိုင်နှုန်းထက်မနည်းသော အမြတ်အစွန်းလည်းပတ်မှုရှိလာသည်။ လုပ်ငန်းပိုင်ရှင်

mgyoe.com

များအတွက် နှစ်စဉ်အမြတ်ငွေ ၁၄ ရာခိုင်နှုန်းထက်မနည်းဘဲ ပြန်ရသည်။ အလွန်ခက်ခဲသော အချိန်အခါမျိုးမှာပင် စတော့ရှယ်ယာဈေးကွက်၌ တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်ခဲ့သည်။ ဤအရာများအားလုံးကို ချစ်ခြင်းမေတ္တာနှင့်အတူ အသိရှိရှိ ခေါင်းဆောင်နေစဉ်၌ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့၏ကစားကွင်းနှစ်ခုသည် လုပ်ငန်းတွင် အရည်အသွေးအတွက် ချီးမြှင့်သော အမြင့်မားဆုံးဆုဖြစ်သည့် ဩဘာဆု (Applause Award) ကို ရရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် စီးပွားရေးအရ အောင်မြင်မှုရရှိသည့်နည်းတူ ချစ်ခြင်းမေတ္တာများလည်း ဝေဆာစည်ပင်လာပါသည်။ ဒါက အခြေခံသတ်မှတ်ချက်နှင့်ကိုက်ညီသော ပုံစံဖြစ်သည်။ ကျွန်တော်တို့၏ Share It Foward Foundation ကို အကူအညီလိုအပ်နေသော အလုပ်သမားများအား ကူညီပေးနိုင်ရန် တည်ထောင်ခဲ့သည်။ အလုပ်သမားများအတွက် လှူဒါန်းမှုများကို ကုမ္ပဏီ၏အကျိုးအမြတ်နှင့်တွဲဖက်ထားပြီး ဟာရှန်မိသားစုမှ အပိုဆုထပ်ဆောင်းပေးသည်။ တစ်နှစ်လျှင် မိသားစုပေါင်း ၅၀ ခန့်ကို အကူအညီပေးနေရာမှ ငါးနှစ်အတွင်း မိသားစုပေါင်း ၇၀၀ ကျော်အထိ အကူအညီပေးနိုင်လာသည်။

အဓိကကျသောအချက်မှာ (အခြေခံသတ်မှတ်ချက်) ကျွန်တော်တို့သည် ဘယ်တုန်းကနှင့်မျှမတူအောင် အကျိုးအမြတ်များ ပိုမိုရရှိပြီး ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်နိုင်ခြင်းဖြစ်သည်။ စိတ်ရှည်သည်းခံခြင်း၊ ကြင်နာခြင်း၊ ယုံကြည်စိတ်ချခြင်း၊ ကိုယ်ကျိုးမဖက်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ခွင့်လွှတ်တတ်ခြင်း၊ စူးစိုက်နှစ်မြှုပ်ခြင်း ဟူသော ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်း၏စည်းမျဉ်း (၇)ချက်ကို တကျတကျကြွကြွ အသုံးပြုပေးခြင်းဖြင့် ကျွန်တော်တို့လုပ်ငန်းကို ခိုင်မာတောင့်တင်းပြီး အကျိုးအမြတ်များရအောင် ကျွန်တော်တို့အလုပ်သမားများကို ရှင်လန်းတက်ကြွ၍ ယုံကြည်ကိုးစားလောက်စရာဖြစ်လာအောင် ပြုလုပ်ပါသည်။

အကျိုးအမြတ်နှင့်တန်ဖိုးထားမှုတို့အကြား ဆက်သွယ်မှုကို အကျယ်ချဲ့ကြည့်ရန် ဖြစ်နိုင်မဖြစ်နိုင်ကို သင် စဉ်းစားကြည့်ဖူးပါသလား။ အိမ်မှာ သင် ခံယူထားတဲ့တန်ဖိုးထားမှုတွေနဲ့ အလုပ်မှာ သင် လက်ခံထားတဲ့ တန်ဖိုး

mgyoe.com

ဖိုးထားမှုတွေရဲ့အကြား ကွဲလွဲမှုက သင့်ကို တဖြည်းဖြည်း အားနည်းယုတ်လျော့လာစေပါသလား။

သင့်ရဲ့အလုပ်က ကမ္ဘာလောကကြီးကို ပိုကောင်းအောင် ပြောင်းလဲပေးနိုင်လိမ့်မယ်လို့ သင်တွေးကြည့်ဖူးပါသလား။

အဲဒီအလုပ်က အဆင်ပြေရုံနဲ့တင် ကျေနပ်ပါပြီလို့ သင် ဆုတောင်းဖူးပါသလား။

ကျွန်တော်ကတော့ ဤအရာအားလုံးကို ဆုတောင်းဖူးပါသည်။ သင့်အလုပ်တာဝန်က ဘာပဲဖြစ်ဖြစ်၊ သင်အလုပ်လုပ်တဲ့နေရာ ဘယ်မှာဖြစ်ဖြစ် အကြောင်းတစ်ခုစီက အမှန်တကယ်ဖြစ်လာနိုင်ကြောင်းကို HFE မှ ရရှိခဲ့သော ကျွန်တော့်အတွေ့အကြုံက ကျွန်တော့်ကို သင်ကြားပေးခဲ့ပါသည်။ မှန်ကန်သောအရာကို ပြုလုပ်လိုသောဆန္ဒနှင့် ကြိုးစားအားထုတ်မှု အများအပြားကိုသာ လိုပါသည်။

အချို့လူများက ခေါင်းဆောင်မှုပညာဆိုသည်မှာ လျာထားချက်များ ပြည့်မီရေးသာလျှင်ဖြစ်သည်ဟု ထင်နေကြသည်။ မဟုတ်ပါ။ ခေါင်းဆောင်မှုပညာဆိုသည်မှာ လျာထားချက်များ ပြည့်မီရေးနှင့် . . .

- သင်နှင့်အလုပ်အတူတကွ လုပ်သောသူများကို ချစ်ခင်ခြင်း
- သင်၏ပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်သည့်နေရာတစ်ခုဖြစ်လာအောင်ပြုလုပ်ခြင်း
- နေ့တိုင်းနေ့တိုင်း အဆုံးသတ်၌ နှစ်သိမ့်ကျေနပ်မှုကို ပေးစွမ်းနိုင်ခြင်း
- အခြားမည်သည့်အလုပ်နေရာကိုမှ ထည့်မစဉ်းစားသော အလုပ်သမားများကို ခေါင်းဆောင်ခြင်းတို့ပဲဖြစ်သည်။

ခေါင်းဆောင်များက ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်သောအခါမှ လျာထားချက်များကို အကောင်းဆုံးစွမ်းဆောင်နိုင်ပါမည်။ ယခုလောက်အထိ ဖတ်ရှုလာပြီးပြီဆိုလျှင် သင့်မှာ လုပ်ငန်းအကြောင်းအပြင် ပုံမှန်ထက် မျှော်မှန်းထားသော တစ်စုံတစ်ရာရှိနေမည်ကို ကျွန်တော်သိပါသည်။ ကျွန်တော်တို့ ဘယ်လိုခေါင်းဆောင်သလဲ ဆိုသည်ကို ကြည့်ကြရအောင်။

❐

mgyoe.com

mgyoe.com

# ၂

# ဂျေဒိုင် သခင်များ

လုပ်မလား၊ မလုပ်ဘူးလား စမ်းကြည့်လို့တော့ မရဘူး။
ယိုဒါ

mgyoe.com

mgyoe.com


စတားဝါး (Star Wars) ဇာတ်ကားများတွင် ရည်ရွယ်ချက်ကြီးမားသော ဂျေဒိုင်သူရဲကောင်းများကို ဂျေဒိုင်သခင်တစ်ဦးက လေ့ကျင့်ပေးရသည်။ ဂျေဒိုင်သခင်သည် လိမ္မာပါးနပ်ပြီး အတွေ့အကြုံများသောကြောင့် ဂျေဒိုင်ကလေးများကို နည်းမှန်လမ်းမှန်ဖြင့် လေ့ကျင့်ပေးနိုင်သည်။ ဂျေဒိုင်သခင်များသည် 'Force' ဟု ခေါ်သော စွမ်းအားတစ်ခု၏ အရင်းအမြစ်ကို အသေအချာနားလည်ကြသည်။ 'Force' ကို ကောင်းရာကောင်းကျိုးအတွက် အသုံးပြုနိုင်အောင် ကြိုးစားလေ့ရှိသည်။

အဖွဲ့အစည်းတိုင်းတွင် ဂျေဒိုင်သခင်များ ရှိကြသည်။ Her schend Family Entertainment ရှိ ကျွန်တော်တို့၏ ဂျေဒိုင်သခင်များမှာ ဂျက်နှင့်ပီတာဟာရှန်တို့ ဖြစ်ကြသည်။ အဖွဲ့အစည်းတစ်ခုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ၎င်းတို့၏ ဂျေဒိုင်သခင်များကို ဆုံးရှုံးရပြီး ခက်ခဲသော ခေါင်းဆောင်မှု အကူးအပြောင်းကာလများကို ကြုံတွေ့ ဖြတ်သန်းကြရသည်။ ဂျက်နှင့်ပီတာတို့ အနားယူသွားသောအခါ အစဉ်အလာအရ ကြီးမားသော်လည်း ၎င်းအစဉ်အလာကို ကောင်းစွာမဖော်ဆောင်နိုင်သဖြင့် ရှေ့ဆက်ရန် ကြိုးစားနေစဉ်၌ စံနှုန်းများ လျော့ရဲရဲဖြစ်လာမည်ကို စိုးရိမ်နေရသည်။

ဂျက်နှင့်ပီတာတို့က သင်ပြပေးသွားခဲ့သည် ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ပုံ ခေါင်းဆောင်နည်းအား ဥပမာအနေဖြင့် အခြားသူများကို ပြန်သင်ပေးနိုင်ရန် ကျွန်တော်တို့က အစဉ်အလာကို ဖော်ဆောင်ပေးရပါမည်။

❐

mgyoe.com

mgyoe.com

# ၂ − ၁

# ပုံပြင်တစ်ပုဒ်ကို အသက်သွင်းခြင်း

၂၀၀၆ ခုနှစ် နိုဝင်ဘာလ Herschend Family Entertainment၏ ဘုတ်အဖွဲ့အစည်းအဝေး ကျင်းပရမည့်အချိန်ကို ရောက်ရှိလာပါပြီ။ ဂျက်နှင့်ပီတာ ဟာရှန်တို့သည် HFE ၏ ဘုတ်အဖွဲ့တွင် ၁၉၆၀ မှစ၍ ပါဝင်ခဲ့ပြီး ဤအစည်းအဝေးမှာ သူတို့၏နောက်ဆုံး အစည်းအဝေးဖြစ်ပါလိမ့်မည်။ ၄၆ နှစ် ဟူသော ကာလသည် ဘုတ်အဖွဲ့ဝင်အဖြစ် ရပ်တည်ရန် ရှည်လျားသောကာလတစ်ခုဟုဆိုနိုင်သော်လည်း HFE အတွက်တော့ အလွန်တိုတောင်းသောအချိန်ဖြစ်နေပါသည်။ ထိုနေ့မှ စတင်၍ ဂျက်နှင့်ပီတာတို့သည် ကျွန်တော်တို့နှင့်အတူ တစ်စားပွဲတည်း ထိုင်တော့မည်မဟုတ်ပါ။ သူတို့၏မဲဆန္ဒကိုလည်း ပေးတော့မည်မဟုတ်ပါ။ သူတို့အသံ၊ သူတို့အထင်အမြင်များကိုလည်း ဝေမျှပေးတော့မည်မဟုတ်ပါ။

စိတ်လှုပ်ရှားဖွယ်ကောင်းသော အချိန်အခိုက်အတန့်ဖြစ်သည်။ဘုတ်အဖွဲ့ဝင်များနှင့် မိသားစုတို့က ဂျက်နှင့်ပီတာကို စည်းရုံးဖျောင်းဖျရန် ကြိုးစားကြသည်။ ဤညီအစ်ကိုနှစ်ဦးသည် သူတို့မိဘများ၊ ဇနီးသည်များနှင့်အတူ မစ်ဆူရီပြည်နယ်ရှိ ဘရန်ဆန်မြို့ကလေးမှ ဥမင်လှိုဏ်ခေါင်းတစ်ခုကို ခရီးသွားလမ်းညွှန်လုပ်ပေးသည့်လုပ်ငန်းမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းနေရာ ၂၆ နေရာတွင် အလုပ်သမားတစ်သောင်းကျော်ကို

mgyoe.com

mgyoe.com

အလုပ်အကိုင်များပေးထားနိုင်ပြီး တစ်နှစ်လျှင် customer ၁၆ သန်းကျော်ကို ဖျော်ဖြေမှုများပေးနေသော လုပ်ငန်းကြီးတစ်ခုဖြစ်လာအောင် ပြောင်းလဲပစ်ခဲ့သည်။ သူတို့က သူတို့၏အလုပ်သမားများအတွက်ဆိုလျှင် မည်သည့်အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားကြမည့် လူများဖြစ်သည်။ အလုပ်သမားများကလည်း ဤအချက်ကို သိကြသည်။ ထို့ကြောင့်ပင် HFE ၌ နီးကြားတက်ကြွမှုနှင့်စည်းလုံးညီညွတ်မှုဟူသော အားကောင်းသည့် ပေါင်းစည်းမှုသဘောကို တွေ့ရခြင်းဖြစ်သည်။ ဂျက်နှင့်ပီတာတို့သည် အမှိုက်မှ ရွှေဖြစ်အောင် အကျိုးမဖက်ပြုလုပ်သည့်လမ်းစဉ်ကို ပုံဖော်ကြသည်။ သူတို့၏စေတနာမေတ္တာများက အကောင်းတကာ့ အကောင်းဆုံး အလုပ်သမားများကို ဆွဲဆောင်စည်းရုံးထားသော လမ်းပြအလင်းရောင်နှင့် တူပါသည်။

*

## နှုတ်ဆက်ပွဲ

အခန်းတွင်းဝယ် မျက်ရည်တို့ဖုံးလွှမ်းနေကြပြီး ခံစားမှုပေါင်းစုံ ရောထွေးနေသည်။ သို့သော် ဂျက်နှင့်ပီတာတွင် ကြီးမားသော အမြော်အမြင်နှင့် နှိမ့်ချစိတ်ရှိကြသည်။ တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုကို ကြာရှည်တည်မြဲအောင် ဖန်တီးခြင်းက အရေးကြီးကြောင်းကို သူတို့သိသည်။ အဖွဲ့အစည်းတစ်ခုသည် အချိန်၏စမ်းသပ်မှုကို ကြံ့ကြံ့ခံနိုင်ရမည်ဖြစ်သည်။ ဂျက်၏နောက်ဆုံးနှုတ်ဆက်စကားများက ကျွန်တော်တို့အားလုံး သိရှိနားလည်ပြီးသား အကြောင်းအရာကို ပို၍ စွဲမြဲယုံကြည်သွားစေသည်။

လူလုံးလူဖန်သေးသေး၊ ထူထဲဖြူဖွေးသော ဆံပင်နှင့်ဂျက်သည် နေရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။ သူကူညီဖန်တီးခဲ့သော စိတ်ဝင်စားဖွယ်နေရာအသီးသီးတို့မှ တစ်ခုကို ကိုယ်တိုင်စမ်းသပ်ခြင်းမှ အရင်းခံသည့် အစားထိုးထားသော တင်ပါးဆုံရိုးမှ အကျိုးသက်ရောက်မှုကို ခံစားနေရပုံပေါ်သည်။ ဂျက်၏လက်များမှာ ကစားကွင်းများတွင် နှစ်ပေါင်းများစွာ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မစ်ဆူရီပြည်နယ်တစ်ဝှန်း ထောင်နှင့်ချီသောသစ်ပင်များ

mgyoe.com

mgyee.com

ကို ကိုယ်တိုင်စိုက်ပျိုးခဲ့ရခြင်းကြောင့်လည်းကောင်း ကြမ်းတမ်းရင့်ရော်နေသည်။ ဂျက်၏အပြုအမူနှင့်စကားလုံးတိုင်းတွင် တိကျသေချာသော ရည်ရွယ်ချက်တစ်ခုရှိနေပါသည်။

"ပီတာနဲ့ ကျွန်တော့်ကို ဘုတ်အဖွဲ့မှာပဲ ဆက်နေဖို့ တောင်းဆိုကြတာကို ကျွန်တော် အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ နေရာမဟုတ်ပါဘူး။ ခင်ဗျားတို့ သိကြတဲ့အတိုင်းပဲ ပီတာနဲ့ကျွန်တော်ဟာ ဆယ်နှစ်တာကာလ အပြောင်းအလဲတစ်ခုကို ဂရုတစိုက်တည်ဆောက်ခဲ့ပါတယ်။ ကျွန်တော့်ကို စီအီးအိုကနေ သဘာပတိ၊ သဘာပတိကနေ မဲပေးဘုတ်အဖွဲ့ဝင်၊ မဲပေးဘုတ်အဖွဲ့ဝင်ကနေ မဲမပေးတဲ့ ဘုတ်အဖွဲ့ဝင်၊ မဲမပေးတဲ့ဘုတ်အဖွဲ့ဝင်ကနေ နုတ်ထွက်စေတဲ့အစီအစဉ်တစ်ခုပါ။ ပီတာလည်း ဒီလမ်းကြောင်းအတိုင်း သွားမှာပါပဲ။ ပီတာနဲ့ကျွန်တော် ကျန်းမာနေတုန်း ကုမ္ပဏီရဲ့အကူးအပြောင်း ချောချောမွေ့မွေ့ ရှိစေဖို့ ဒီအစီအစဉ်က လက်တွေ့ကျပါတယ်"

အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ အပ်ကျသံကိုပင် ကြားရမတတ်ဖြစ်သည်။ သူက ဆက်ပြောသည်။

"မိသားစုလုပ်ငန်းတစ်ခုအဖို့ သူရဲ့ဦးစီးခေါင်းဆောင်တွေ စွန့်ခွာသွားတဲ့အခါ လမ်းပျောက်တတ်ကြတာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ပီတာနဲ့ ကျွန်တော်က ဒီကိစ္စကို အထူးစိုးရိမ်မိပါတယ်။ ဒီထူးခြားတဲ့ ကုမ္ပဏီကို ဆက်ပြီး ထူးခြားနေအောင် ထားဖို့ဆိုလျှင် ကျွန်တော်တို့အရိပ်အောက်ကနေ ခွဲထွက်ပြီး ခေါင်းဆောင်အသစ်တွေနဲ့ လွတ်လပ်တဲ့ဘုတ်အဖွဲ့တစ်ခုကို ရှေ့ဆက်ဆောင်ရွက်ခွင့်ပေးဖို့ လိုအပ်တယ်ဆိုတာကို ကျွန်တော်တို့နှစ်ယောက်စလုံး နားလည်ပါတယ်။ ကုမ္ပဏီကို အမြဲ မိသားစုပိုင်အဖြစ်ထားချင်ပါတယ်။ မိသားစုလိုမျိုး ခံစားရတာကို ကျွန်တော်တို့ လိုချင်ပါတယ်။ ဒါပေမဲ့ ဖြစ်နိုင်ရင် အကောင်းဆုံးအဖွဲ့တစ်ဖွဲ့ရဲ့ ဦးဆောင်မှုကိုလည်း ခံယူချင်ပါတယ်။ ဒါကို စိတ်ထဲမှာ မှတ်သားပြီးတော့ ဘုတ်အဖွဲ့နဲ့ ခေါင်းဆောင်မှုအပိုင်းမှာ ဟာရှန်မိသားစုရဲ့ အဓိက ရည်မှန်းချက်သုံးရပ်ကို ဘယ်တော့မှ သွေဖည်မသွားရေးက အရေးကြီးပါတယ်။ ဒီရည်မှန်းချက် သုံးရပ်ကတော့ အထူးကောင်းမွန်တဲ့ ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်စေဖို့၊ အကျိုးအမြတ်မှာ

mgyoe.com


ဖွံ့ဖြိုးမှုသတ်မှတ်ပေးဖို့၊ လူတော်လူကောင်းများအတွက် ထူးခြားကောင်းမွန်တဲ့အလုပ်ခွင်နေရာဖြစ်စေဖို့နဲ့ ချစ်ခြင်းမေတ္တာနဲ့အတူ ခေါင်းဆောင်ဖို့ပါပဲ။

ဂျက်က စကားမဆက်ခင် လည်ချောင်းတစ်ချက်ရှင်းပြီး ရေနည်းနည်းသောက်သည်။ ဆက်လက်၍

"တစ်ခါတစ်ရံမှာ ဒီရည်မှန်းချက်တွေကြားမှာ အားပြိုင်မှုရှိနိုင်တာကို ကျွန်တော်တို့ နားလည်ပါတယ်။ ဒါပေမဲ့ အဲဒီအားပြိုင်မှုက စီမံခန့်ခွဲဖို့လိုအပ်တဲ့ အားပြိုင်မှုပါ။ အကျိုးအမြတ် ဖွံ့ဖြိုးမှုရရှိဖို့ ထူးခြားကောင်းမွန်တဲ့အလုပ်ခွင်နေရာ ဖြစ်ရမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့အစဉ်အလာကို ဖျက်ဆီးပစ်လို့ မဖြစ်ပါဘူး။ ဘဏ္ဍာရေးအရ ရည်မှန်းချက်တွေမပြည့်မီဘဲနဲ့လည်း ထူးခြားကောင်းမွန်တဲ့ အလုပ်ခွင်နေရာ ဖြစ်ရေးအပေါ်မှာ အာရုံစိုက်နေလို့ မရပါဘူး။ ဒါဟာ ရှိသင့်တဲ့အားပြိုင်မှုပါ။ ဘုတ်အဖွဲ့နဲ့ ခေါင်းဆောင်မှုအဖွဲ့အပေါ်မှာ ကျွန်တော်များစွာ ယုံကြည်အားထားပါတယ်။ အချိန်ကျလာပါပြီ" ဟု ဆိုကာ ဂျက်က ပြန်ထိုင်လိုက်သည်။

ဂျက်ပြောတာ မှန်ပါသည်။ အဖွဲ့အစည်းများသည် စွန့်ဦးလုပ်ကိုင်သူတစ်ဦးတစ်ယောက်၏အားဖြင့် တစ်ပိုင်တစ်နိုင်စတင်ကြသည်မှာ ထုံးစံဖြစ်သည်။ ၎င်းတို့တွင် အလုပ်အောင်မြင်ရေးအတွက် စူးစိုက်နစ်မြုပ်သောစိတ်နှင့် မိသားစုကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်သော အစဉ်အလာရှိသည်။ သို့ရာတွင် ဤအဖွဲ့အစည်းများ၌ အပြောင်းအလဲကာလတစ်ခုနှင့် ကြုံရသောအခါ မူလတည်ထောင်ထားစဉ်က အစဉ်အလာမပျက်မယွင်းဘဲ ကျန်ရစ်ခဲ့သည်မှာ ရှားပါးလှသည်။ ဤအစဉ်အလာ ဆက်လက်ရှိနေဖို့ဆိုလျှင် အကောင်အထည်ဖော်၍ စောင့်ထိန်းလိုက်နာရန် လိုအပ်သည်။ အဖွဲ့အစည်းတစ်ခုတွင် ၎င်း၏လမ်းကြောင်းပျောက်ဆုံးသွားသည့်အခါ စီးပွားရေးအရဆုံးရှုံးမှုများ စတင်လာပြီး အကောင်းဆုံးလူများက စွန့်ခွာသွားတတ်ကြသည်။ ထိုသို့ မဟုတ်လျှင်လည်း ၎င်းအဖွဲ့အစည်းမှာ မည်သူမဆို အလုပ်ဝင်ရောက်လုပ်ကိုင်လိုသော အဖွဲ့အစည်းမျိုးဖြစ်တော့မည် မဟုတ်ပါ။

HFE က အခြားဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခု ဖြစ်မလာအောင် ရှောင်ရှားရန်ဆုံးဖြတ်ထားသည်။ ကျွန်တော်တို့၏မူလလုပ်ငန်းရှင်များအနားယူသွားသောအခါ ထူးခြားသောအစဉ်အလာ မပျောက်မပျက်ဘဲ ကျန်ရှိနေ

mgyoe.com

mgyoe.com


အောင် ထားမည်ဖြစ်ပြီး အခြားအရပ်ဒေသများ၌ ကျွန်တော်တို့၏လုပ်ငန်းခွဲများကို ဆက်လက်ထူထောင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဂျက်နှင့်ပီတာတို့ ဆယ်စုနှစ်များစွာ ကျင့်သုံးခဲ့သော နည်းလမ်းဖြစ်သည်။ ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်နိုင်ဖို့ ကျွန်တော် ကြိုးစားပါသည်။

သင်၏အဖွဲ့အစည်းတွင်လည်း ဤကဲ့သို့ ခေါင်းဆောင်မှုအပိုင်းအပြောင်းအလဲကာလမျိုးကို ကြုံတွေ့ဖူးပါသလား။ ကောင်းမြတ်သောအမူအကျင့်များနှင့် ခိုင်မာတောင့်တင်းသော စီးပွားရေးအကျိုးအမြတ်များ ဖြစ်ပေါ်စေမည့်ထာဝရစံနှုန်းများအပေါ် အခြေပြုတည်ဆောက်ထားသော အစဉ်အလာကောင်းကို ဖော်ထုတ်စောင့်ထိန်းနိုင်မည်ဆိုလျှင် သာလွန်ကောင်းမွန်သောအခြေအနေကို သင် ရောက်ရှိနိုင်ပါသည်။

ဤစာအုပ်တွင် ပါဝင်သော ခေါင်းဆောင်မှုစည်းမျဉ်းများကို ကမ္ဘာပေါ်တွင် လူအများအလေးစားရဆုံး၊ သက်တမ်းအရှည်ကြာဆုံး စာအုပ်တစ်အုပ်ဖြစ်သည့် သမ္မာကျမ်းစာအား ဖတ်ရှုရာမှ ရရှိလာသည့် စိတ်ကူးအပေါ်အခြေခံထားပါသည်။ စာအုပ်၏ကျန်အပိုင်းတွင် ရှင်းလင်းတင်ပြသွားမည့်စည်းမျဉ်းခုနစ်ခုမှာ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်က ရေးသားခဲ့သော ကောရိန္သုဩဝါဒပထမစောင်မှ ကောက်နုတ်ချက်များဖြစ်သည်။ ကောရိန္သုဩဝါဒစာပထမစောင်၏ အခန်းကြီး ၁၃ ကို 'မေတ္တာအခန်း'အဖြစ် လူသိများသည်။ အကြောင်းမှာ တမန်တော် ပေါလုက "မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ။ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်။ အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ (ကောရိန္သု ပထမစာစောင် အခန်းကြီး ၁၃၊ အခန်းငယ် ၄-၇ ၌ ရေးသားခဲ့သောကြောင့် ဖြစ်သည်။)

သင်၏အဖွဲ့အစည်းကို အသွင်ပြောင်းပေးမည့် စည်းမျဉ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

mgyoe.com

mgyoe.com


- စိတ်ရှည်သည်းခံခြင်း
- ကြင်နာခြင်း
- ယုံကြည်စိတ်ချခြင်း
- ကိုယ်ကျိုးမဖက်ခြင်း
- ရိုးသားဖြောင့်မတ်ခြင်း
- ခွင့်လွှတ်တတ်ခြင်း
- စူးစိုက်နှစ်မြှုပ်ခြင်း

ဤစကားလုံးများသည် အောင်မြင်သောအဖွဲ့အစည်းတစ်ခု၏ အခြေအနေ၌ မည်မျှလိုက်ဖက်အဆင်ပြေသည်ကို သင့်အား အံ့အားသင့်စေနိုင်ပါသည်။ ၎င်းတို့သည် အလုပ်အကိုင် ညံ့ဖျင်းခြင်း (သို့) အခြေခံသတ်မှတ်ချက်များကို လျစ်လျူရှုရန်အတွက် ဆင်ခြေတစ်ခုမဖြစ်နိုင်သည်ကို သတိပြုပါ။

နောင်လာမည့်အခန်းများတွင် သင်တွေ့မြင်ရမည့်အတိုင်း အဖွဲ့အစည်းများကို ပိုမိုတောင့်တင်းခိုင်မာလာအောင်၊ နီးကြားတက်ကြွလာအောင် ခေါင်းဆောင်များကို တာဝန်သိစိတ်ရှိနေအောင် ကူညီပေးသောအရာမှာ ချစ်ခြင်းမေတ္တာသာ ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာကို ကျွန်တော်တို့ ဘယ်လိုကျင့်သုံးမလဲဆိုတာ လေ့လာကြည့်ကြပါစို့။

❐

mgyoe.com

mgyoe.com

# ၃

# စိတ်ရှည်သည်းခံခြင်း

(ခက်ခဲသောအခြေအနေများ၌ မိမိကိုယ်ကို ထိန်းချုပ်ခြင်း)

သူများနဲ့မတူဖို့ ထူးထူးခြားခြားတွေ လုပ်စရာမလိုပါဘူး။

ထရပ် ကောသီ

mgyoe.com

mgyoe.com


မင်္ဂလာပွဲများတွင် ဖတ်လေ့ဖတ်ထရှိသော သမ္မာကျမ်းစာအတွင်း မှ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်၍ ထင်ရှားသည့် ကောရိန္တုသြဝါဒစာ ပထမ စောင် အခန်း ၁၃ တွင် တစ်ခါတစ်ရံ၌ ကျွန်တော်တို့ မေ့လျော့နေတတ် သော အရည်အချင်းတစ်ရပ်နှင့်အစပြုပြီး မေတ္တာကို အဓိပ္ပာယ်ဖွင့်ပါသည်။

"မေတ္တာသည် စိတ်ရှည်တတ်၏"

စိတ်ရှည်သည်းခံခြင်းကို အကြောင်းတစ်ချက်ကြောင့် ပထမဦးစွာ ထုတ်ဖော်တင်ပြရခြင်းဖြစ်သည်။ လူသားစရိုက်လက္ခဏာ၏အရည်အချင်း တစ်ရပ်ဖြစ်သော စိတ်ရှည်သည်းခံခြင်းသည် တန်ဖိုးထားအသိအမှတ်ပြု ခြင်းကို ခံရလေ့မရှိပေ။ လွန်ခဲ့သော ရာစုနှစ်များဆီမှ လူများ မှန်းဆထား ၍ပင် မရနိုင်လောက်အောင် ပြောင်းလဲမြန်ဆန်လာသော ကမ္ဘာကြီးတွင် စိတ်ရှည်သည်းခံမှုကို လေ့ကျင့်ပေးခြင်းက ဂုဏ်သိက္ခာကို ထိန်းသိမ်းရာ ရောက်ပါသည်။ အမြန်ပြင် အစားအစာဆိုင်တွင် တန်းစီစောင့်နေရသည့် အခါဖြစ်စေ၊ တိုက်ရိုက်သတင်းပေးပို့ချက်တစ်ခုက ဆိုးရွားသောအကြောင်း အရာအပေါ် တုံ့ပြန်သည့်အခါတွင်ဖြစ်စေ စိတ်ရှည်သည်းခံခြင်းကို လေ့ ကျင့်ပေးပါ။

ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ရာတွင် စိတ်ရှည်သည်းခံခြင်း ကို ညံ့ဖျင်းသောအလုပ်အကိုင်အား လျစ်လျူရှုထားရန်အတွက် အသုံးပြု ရန် မဖြစ်သင့်ပါ။ အတွေ့အကြုံမရှိသေးသော ခေါင်းဆောင်တစ်ယောက် က ၎င်းကို သည်းခံနေနိုင်ပါသည်။ ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင် သောအခါ စိတ်ရှည်သည်းခံခြင်း စည်းမျဉ်းသည် ခက်ခဲသောအခြေအနေ

mgyoe.com

များတွင် မိမိကိုယ်ကို ထိန်းချုပ်၍ ဆောင်ရွက်ပြုမူခြင်းဟု အဓိပ္ပာယ်ရပါသည်။

- အလျှင်အမြန် တိုးတက်နေသော အဖွဲ့အစည်းအတွင်းတွင် စိတ်ရှည်သည်းခံသော ခေါင်းဆောင်တစ်ဦးသည် မည်သို့ ရှင်သန်ရပ်တည်နိုင်မည်နည်း။
- ပုဂ္ဂိုလ်တစ်ဦး၏ဂုဏ်သိက္ခာကို အကာအကွယ်ပေးစဉ် အလုပ်အကိုင် ညံ့ဖျင်းမှုအတွက် သတိပေးပြောကြားရန် နည်းလမ်းများ ရှိပါသလား။
- ချီးမွမ်းမှုကို အမြင့်ဆုံးအကျိုးတရားအထိ ရရှိအောင် အသုံးပြုရန်နှင့် သတိပေးပြောကြားမှုများကို မျှတအောင် ပြုလုပ်ရန် တိကျသေချာသော နည်းလမ်းရှိပါသလား။

❐

mgyoe.com

mgyoe.com

# ၃ – ၁

# အီစတာပွဲတော်နေ့

၁၉၉၉ ခုနှစ် အီစတာပွဲတော်နေ့ တယ်လီဖုန်းအသံမြည်လာသော အချိန်အထိ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတုန်းဖြစ်သည်။ ဖုန်းဆက်သူက ကျွန်တော့်အလုပ်ရှင် Saab Worldwide ၏ စီအီးအို ဖြစ်ပြီး ဆွီဒင်နိုင်ငံ ထရောလ်ဟက်တန်မှ လှမ်းဆက်နေခြင်းဖြစ်သည်။ ဖုန်းကို နားရွက်နှင့်တစ်လက်မ အကွာလောက်မှာ ခွာကိုင်ထားသော ကျွန်တော့်ပုံကိုကြည့်ပြီး သူ ကျွန်တော့်ကို ခေါ်သည်မှာ အားလပ်ရက်အတွက် ဆုမွန်ကောင်းတောင်းပေးဖို့ မဟုတ်ကြောင်းကို ကျွန်တော့်ဇနီးကပင် ပြောနိုင်ပါသည်။ ကျွန်တော်တို့၏အရောင်း ကိန်းဂဏန်းများနှင့်ပတ်သက်၍ သူ အလွန်စိတ်ဆိုးနေပြီး ဆွေးနွေးရန်ကိစ္စတစ်ခုအတွက် ထိုနေ့ညနေမှာပင် ထရောလ်ဟက်တန်သို့ လေယာဉ်ဖြင့် လိုက်ခဲ့ရန် ကျွန်တော့်ကို ပြောပါသည်။ တနင်္လာနေ့ မနက် ၃ နာရီ အစည်းအဝေးအတွက် ကျွန်တော် ည လုံးပေါက် လေယာဉ်စီးရမည့် အဓိပ္ပာယ်ဖြစ်သည်။ အရှေ့ပိုင်းအချိန်က ဒီနှင့်ကွာသည်လေ။ ကျွန်တော့် အီစတာနေ့အတွက် စိတ်ကူးပုံဖော်ထားသည်များ အတိအကျဖြစ်လာတော့မည် မဟုတ်ပါ။

လွန်ခဲ့သော ၃ နှစ်က ကျွန်တော့်ကို မြောက်အမေရိက Saab ၏ စီအီးအိုနှင့်ဥက္ကဋ္ဌ ရာထူးကို တိုးပေးခဲ့သည်။ Saturn Corporation

mgyoe.com

၏ အစအဦးခြေလှမ်းကို အောင်မြင်အောင် ကျွန်တော်၏စွမ်းဆောင်ပေးနိုင်မှုက ဤရာထူး ဤအခြေအနေကို အသက် ၃၆ နှစ်အရွယ်၌ လှမ်းတက်နိုင်အောင် ကူညီခဲ့သည်။ Saturn သည် ဈေးကွက်ရှာဖွေရေးကောင်းမွန်ခြင်း၊ ကုန်သည်များနှင့်ဆက်ဆံရေး ပြေပြစ်ခြင်းတို့ကြောင့် ထင်ရှားသည်။ ဤအရည်အချင်းနှစ်ရပ်စလုံးသည် Saab တွင် မရှိသော အရည်အချင်းများဖြစ်ကြသည်။ ယင်းအချိန်တွင် General Motors က Saab ၏ တစ်ဝက်ကို ပိုင်ဆိုင်ထားသည်။ ထို့ကြောင့် ခေါင်းဆောင်မှုအပိုင်းတွင် လမ်းကြောင်းအသစ်ဖွင့်ပေးနိုင်ရန် Saturn မှ Saab သို့ ကျွန်တော့်ကို ပို့လိုက်သည်။

ကျွန်တော့်အတွက် အင်အားတောင့်တင်းသောအဖွဲ့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ Saab မြောက်အမေရိက ရုံးခွဲသည် ၁၉၉၅ ခုနှစ်တွင် ဒေါ်လာသန်း ၅၀ အရှုံးပေါ်နေရာမှ နောက် နှစ်နှစ်ကြာသောအခါ ဒေါ်လာ ၁၀ သန်း အမြတ်အစွန်းရရှိသည်အထိ ပြန်လည်ဦးမော့လာခဲ့သည်။ ကျွန်တော်နှင့်ကျွန်တော့်အဖွဲ့သည် ယာဉ်ပုံစံများ၊ ဈေးကွက်အခြေအနေ၊ ကုန်သည်အရေအတွက်နှင့်ပုဂ္ဂိုလ်ရေးကိစ္စများနှင့်ပတ်သက်၍ ခက်ခဲသော ဆုံးဖြတ်ချက်များ ချခဲ့ရသည်။ သို့သော် ကျွန်တော်တို့လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိခဲ့သည်။

သို့သော်လည်း ၁၉၉၉ နှစ်ဦးတွင် ပစ္စည်းများပြတ်လပ်ခြင်းနှင့်သဘော်အသွားအလာပြဿနာများက ကျွန်တော်တို့၏အရောင်းဈေးကွက်ကို ထိခိုက်စေသဖြင့် ရာခိုင်နှုန်း ၂၀ ခန့် ဆုံးရှုံးမှုများရှိခဲ့သည်။ ပြဿနာမှာ မူမှန်မဟုတ်ဘဲ ကျွန်တော်တို့ မြောက်အမေရိက အော်ပရေးရှင်းသွားနေသော ကောင်းမွန်သည့်လမ်းကြောင်းကို ကိုယ်စားမပြုကြောင်း ကျွန်တော် သိနေသည်။ မြောက်အမေရိကအပိုင်းတွင် ရာထူးအကြီးဆုံးသူတစ်ယောက်အနေဖြင့် ဒေါသထွက်နေသော သူဌေးက ကျွန်တော့် ရုံးခန်းအတွင်းသို့ ဝုန်းဒိုင်းကြဲဝင်ရောက်လာပြီး မည်သည့်အတွက်ကြောင့် အရှုံးပေါ်ရကြောင်း ဖြေရှင်းရန် တောင်းဆိုမှုမျိုးအတွက် ကျွန်တော် စိတ်ပူပန်စရာမလိုပါ။ သို့သော် သူ့ဆီသို့လာရန် ကျွန်တော့်ကို ဆင့်ခေါ်လိုက်ပါသည်။

ကျွန်တော့်ခရီးဆောင်အိတ်အတွင်းသို့ အဝတ်အစားများနှင့် တစ်ကိုယ်

mgyoe.com


ရည်သုံးပစ္စည်းများ ပစ်ထည့်နေစဉ်မှာပင် ဒေါသနှင့် မယုံကြည်နိုင်ခြင်းက ကျွန်တော့်စိတ်ထဲမှာ ရှန်းကြွလာကြသည်။ ကိစ္စအားလုံးကို ချန်ထားခဲ့ပြီး ဆွီဒင်သို့ ပြန်လာရန် ကျွန်တော့်ကို ခိုင်းခြင်းအား ကောင်းကောင်းမယုံနိုင်သေးပါ။ အထူးသဖြင့် ဤသို့ ပြုလုပ်ခိုင်းခြင်းက နောက်တစ်လအတွက် ကျွန်တော်တို့၏ဈေးကွက် ရှာဖွေစွမ်းဆောင်မှုအပေါ် အားဖြည့်ပေးနိုင်မည် မဟုတ်ပါ။ ဈေးကွက်ထဲသို့ ကျွန်တော်တို့ကားများကို အရောက်ပို့ရန် လိုအပ်ပြီး ထုတ်လုပ်ရေးနှင့် သဘော်ပြဿနာအချို့ကို ဖြေရှင်းရန်လည်းအချိန်လိုပါသည်။

ဆွီဒင်သို့ ရောက်သောအခါ ကျောင်းအုပ်ကြီး၏ရုံးခန်းအတွင်းသို့ ခေါ်အတွေ့ခံရသော ကျောင်းသားဆိုးလေးတစ်ယောက်ပမာ ကျွန်တော် ခံစားရပါသည်။ ကမ္ဘာတစ်ဝန်းလုံးမှ ကျွန်တော်တို့ ကုမ္ပဏီရုံးခွဲများရှိ လူအများရှေ့တွင် ကျွန်တော့်အား အပြစ်ပေးမှုကို ပြုလုပ်ရန် သူတို့ပြင်ဆင်ထားကြသည်။ ဆွီဒင်ရှိ ထိပ်သီးစီမံအုပ်ချုပ်သူအပိုင်းနှင့် ကမ္ဘာတစ်ဝန်းမှ ကျွန်တော်နှင့်အဆင့်တူ၊ ရာထူးတူ ပုဂ္ဂိုလ်များရှေ့တွင် ကျွန်တော်၏အရောင်းလျာထားချက်ပြည့်မီအောင် မစွမ်းဆောင်နိုင်မှုကို CEO က ရှုံ့ချပြောဆိုပါသည်။ Saab အတွက် ဤကဲ့သို့ အရေးကြီးသောနှစ်မျိုးတွင် ကိန်းဂဏန်းများကို အဆုံးရှုံးခံခြင်းအတွက် ကျွန်တော်မှာ မည်မျှအသုံးမကျကြောင်း သိရှိအောင် ပြောပြခွင့်ရသည့်အတွက် သူ့ပုံစံမှာ မထိတရီနှင့်ကျေနပ် အားရနေပုံရသည်။ အကျိုးအကြောင်းနှင့်ဖြေရှင်းချက်များကို ပြောပြရန်ခွင့်မပေးဘဲ စွပ်စွဲချက်များ၊ သိမ်ငယ်စေသောသုံးသပ်ချက်များကိုသာ ရရှိခဲ့သည်။

ကျွန်တော့် ကုမ္ပဏီက ဒါတွေပြောဖို့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ပြီးလာရမယ့် လေယာဉ်စရိတ် ဒေါ်လာ ၁၀၀၀၀ ကို ကျွန်တော့်အတွက် တကယ်အကုန်အကျခံခဲ့တာလား။ ကျွန်တော် လုံးလုံးလျားလျား အရှက်ရခဲ့ပါသည်။ ထိုဘုတ်အဖွဲ့အစည်းအဝေးအတွင်း၌ ခံစားချက်မဲ့မျက်နှာဖြင့် ထိုင်နေစဉ်တွင် ကျွန်တော့်ကိုယ် ကျွန်တော် မေးခွန်းထုတ်နေခဲ့သည်။ "နေရာခြောက်နေရာမှာ ငါးနေရာကို ငါတို့အရောင်းစံချိန်တင်နိုင်ခဲ့တယ်။ ဒါဟာ ငါတို့ရသင့်ရထိုက်တဲ့ အရေးယူမှုမျိုးလား"

အထောက်အပံ့ပစ္စည်းများ ပြတ်လပ်ခြင်းနှင့် ထုတ်လုပ်ဖြန့်ချီရေးတို့

mgyoe.com

နှင့် ပတ်သက်သော အခက်အခဲအချို့ကို ပြန်ပြောချင်သောဆန္ဒအား ထိန်းချုပ်မထားနိုင်တော့ပါ။ မည်သည့်အတွက်ကြောင့် မသိ၊ ထိုအချိန်တွင် သူနှင့် ထိုက်တန်သည်ဟု ကျွန်တော်ယူဆသော တုံ့ပြန်မှုထက်ပို၍ သူ့အပေါ် လေးစားသမှုပြကာ ထိန်းထိန်းသိမ်းသိမ်း ဆက်ဆံနိုင်လောက်အောင် သည်းခံစိတ်ကို စုစည်းထားနိုင်ခဲ့ပါသည်။ သို့မဟုတ်လျှင်လည်း ကျွန်တော်၏ လေယာဉ်ညောင်းကိုက်နာကပင် ကျွန်တော့်ကို တည်တည်ငြိမ်ငြိမ် ရှိနေစေခဲ့သလား မဆိုတတ်ပါ။ မည်သို့ပင်ဖြစ်စေ အခြေအနေက အရှိန်မြင့်တက်မသွားသည့်အတွက် ကျွန်တော်ဝမ်းမြောက်ကျေနပ်မိပါသည်။ များမကြာမီပင် အိမ်အပြန်လေယာဉ်ခရီးစဉ်ကို အမီပြေးရမည့်အချိန် ရောက်လာခဲ့ပါသည်။

ထိုအဖြစ်အပျက်အပြီး နှစ်များကြာတော့ ထိုအချိန်က မည်သို့ပြောခဲ့သည်။ ဘာကြောင့် ပြောခဲ့သည်ဆိုသည်များကို တိတိကျကျ မမှတ်မိတော့ပါ။ ကျွန်တော်၏ဒေါသများနှင့် ဆတ်ဆတ်ထိမခံလိုသော စိတ်များလည်း ပျောက်ကွယ်သွားကြပါပြီ။ ကျွန်တော်၏ခေါင်းဆောင်မှုပုံစံကို အကောင်းဘက်သို့ အသွင်ပြောင်းလဲပေးသော ထိုအတွေ့အကြုံမှ မမေ့နိုင်သော ကဏ္ဍတစ်ရပ်တော့ ကျန်ခဲ့ပါသည်။ ယင်းမှာ ထိုအချိန်အခိုက်အတန့်မှစ၍ အများရှေ့တွင် သူများအပေါ် ဂုဏ်သိက္ခာသေးသိမ်စေသောပုံစံမျိုးဖြင့် သတိပေးပြောကြားမှုမျိုးကို ကျွန်တော် ဘယ်တော့မှ ပြုလုပ်မည်မဟုတ်ဟု စိတ်ပိုင်းဖြတ်ခဲ့ခြင်းပင်ဖြစ်ပါသည်။

*

## စိတ်ရှည်သည်းခံသော သတိပေးဆုံးမမှု

ထိုအဖြစ်အပျက်က Saab ကို ကျွန်တော် သံယောဇဉ်စ၍ ကုန်သွားစေသည့်အကြောင်းတစ်ချက်ဖြစ်သည်။ တစ်နှစ်အတွင်းမှာပင် ကျွန်တော့်မိသားစုဘဝကို အချိန်ပိုပေးရန် ရည်ရွယ်ချက်ဖြင့် Green Light.com သို့ ကံမကောင်းအကြောင်းမလှသော ပြောင်းရွှေ့မှုအဖြစ် ရောက်ရှိခဲ့ပါသည်။ သို့သော် ထိုနေရာတွင် အလုပ်လုပ်ခဲ့ရသော အချိန်အတွက် ကျွန်တော်ကျေနပ်ပါသည်။ အထူးသဖြင့် ပေးဆပ်စွန့်လွှတ်ပေးသော လုပ်ရပ် (သို့မဟုတ်) တာဝန်ယူမှုမပါဘဲနှင့် စိတ်ရှည်သည်းခံမှုနှင့်အတူ မည်သို့

mgyaoe.com

ခေါင်းဆောင်ရမည်ဟူသော အရေးကြီးသောသင်ခန်းစာများ ကျွန်တော် သင်ယူခဲ့ရသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်တို့အားလုံးတာဝန်ယူစိတ် ရှိကြရပါမည်။ ခေါင်းဆောင်များအဖြစ်နှင့် ကျွန်တော်တို့သည် အခြားသူများကိုလည်း တာဝန်ကျေပွန်နေအောင် ပြုလုပ်ထားရန် တာဝန်ရှိပါသည်။ သို့ရာတွင် သူတစ်ပါး၏ အပြစ်ကို ဖော်ထုတ်ဆုံးမရမည့်အခါမျိုး၌ သီးခြားဆောင်ရွက်သင့်ပါသည်။ လူတစ်ယောက်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပေးသည့် နည်းလမ်းမျိုးသာ ဖြစ်သင့်ပါသည်။ ကျွန်တော်တို့၏အလုပ်သမားများကို သီးခြားခေါ်ယူတွေ့ဆုံပြီး စိတ်ရှည်လက်ရှည်ဖြင့် တလေးတစား သတိပေးပြောကြားသောအခါ အလုပ်သမားများသည် နိုးကြားတက်ကြွပြီး ဆက်လက်တိုးတက်လာမည်မှာ သေချာပါသည်။ Saab ရှိ ကျွန်တော့်အလုပ်ရှင်က ဖုန်းထဲမှတစ်ဆင့် ကျွန်တော်၏အရောင်းစာရင်းအကြောင်းကို အေးအေးသက်သာမေးမည်ဆိုလျှင် မည်သို့ဖြစ်သွားနိုင်သည်ကိုသာ ခန့်မှန်းကြည့်ပါ။ ထိုသို့ ပြုလုပ်ရမည့်အစား သူရွေးချယ်လိုက်သည့် လူလယ်ကောင်တွင် ဝေဖန်ပြစ်တင်ခြင်းက ထိုအတွေ့အကြုံမှ ကျွန်တော် ရရှိရမည့် အမှန်ပြင် သင်ခန်းစာများကို ဆုံးရှုံးရအောင် အာမခံပေးနေသလောက်ရှိသည်။

ခေါင်းဆောင်တစ်ယောက်အတွက် သီးခြားတွေ့ဆုံသတိပေးခြင်းက ပြုလုပ်ရန် မသင့်တော်သော အခြေအနေအချိန်အခါများလည်း ရှိပါသည်။ သို့တိုင်အောင် ကျွန်တော်တို့က စိတ်ရှည်သည်းခံပြီး လေးစားသမှုပြုရပါမည်။ ဥပမာ အားလပ်ရက် ရာသီမကုန်မီ နောက်ဆုံးအပတ်တွင် ကျွန်တော်တို့၏ HFE ကစားကွင်းတစ်ခုတွင် အော်ပရေတာများသည် ၎င်းတို့၏ နှစ်လည်လျာထားချက်ခန့်မှန်းခြေကို ၂၀ ရာခိုင်နှုန်းခန့် ရုတ်တရက် လျော့သွားစေသည်။ ဤသို့ လျော့နည်းသွားမှုက ၎င်းတို့၏ဈေးကွက်တစ်ခုချင်းစီနှင့် မည်သို့မျှမပတ်သက်ကြောင်း ကျွန်တော် သိနေသည်။ ၎င်းတို့၏ ဘဏ္ဍာရေးမန်နေဂျာမှာ အခြေအနေကို ထိန်းသိမ်းနိုင်အောင် ကြိုးစားနေရသည်။

အတွေ့အကြုံနည်းပါးမှုကြောင့် ကစားကွင်း၏စရိတ်စက မည်မျှကုန်ကျသွားသည်ကို မသိနိုင်ဘဲဖြစ်နေသည်။ စီမံခန့်ခွဲရေးအဖွဲ့၏ လေးပုံ

mgyoe.com

သုံးပုံမှာ ဝန်ထမ်းအသစ်များဖြစ်ကြသည်။ ရာသီအကုန်တွင် ၎င်းတို့ မနိုင်မနင်းထိန်းသိမ်းနေရသော ပြဿနာများ စုပြုံသွားခြင်းဖြစ်သည်။

နှစ်ပတ်ခန့်ကြာပြီးနောက် လာမည့်ရာသီအတွက် တောင်းဆိုထားသော ဘတ်ဂျက်များကို ကျွန်တော်တို့ စတင်ကြည့်ရှုသောအခါ ဤမန်နေဂျာများကို ကျွန်တော် သတိပေးရမည်ဖြစ်ကြောင်း သိပါသည်။ သို့သော် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ဆုံးဖြတ်၍မပြီးဘဲ ဖြစ်နေပါသည်။

ကျွန်တော်တို့၏ပုံမှန်အစည်းအဝေးကို ပြုလုပ်သောအခါ ဤစီမံခန့်ခွဲရေးအဖွဲ့သည် သူတို့၏အမှားအတွက် တာဝန်ရှိမှုကိုရှောင်ရှား၍ မသိလိုက်မသိဘာသာ နေနေသည်ကို ထင်ထင်ရှားရှားတွေ့ရပါသည်။ သူတို့က သူတို့၏အမှားကို ဖုံးကွယ်ထားရန် ကြိုးစားနေသောကြောင့် သီးခြားခေါ်ယူသတိပေးခြင်းထက် လူအများရှေ့တွင် ပြစ်တင်ဆုံးမခြင်းက ပို၍ ထိရောက်မှုရှိလိမ့်မည်ဟု ကျွန်တော် ဆုံးဖြတ်ခဲ့သည်။

ကျွန်တော်က ထိုအဖွဲ့ကို ကြည့်ပြီးပြောလိုက်သည်။ "ငါတို့တွေ ရှေ့ဆက်လို့ မရသေးဘူး" သူတို့၏ အနှစ်ချုပ်လိုငွေပြမှုကို အထင်အရှားထောက်ပြ၍ ထိုသို့ဖြစ်ရသည့်အကြောင်းကို ရှင်းလင်းပြပြီးနောက် ကျွန်တော်ဆက်ပြောပါသည်။ "ဒီပြဿနာက မင်းတို့အားလုံးမှာ အကြောင်းခံတာပဲ။ ဒီလိုမျိုး ခန့်မှန်းချက်တွေမှာ နောက်ကျမှားယွင်းမှုကို လက်မခံနိုင်ဘူး။ နောက်တစ်ခါ ဒါမျိုး ဘယ်တော့မှ ဖြစ်လို့မရဘူး။ အားလုံးနားလည်ကြလား"

ဤအချိန်၌ သင်က "Saab က ဘော့စ် ခင်ဗျားကို လုပ်ခဲ့တာနဲ့အခုဟာက ဘာများကွာခြားသွားလို့လဲ" ဟု စဉ်းစားနေနိုင်ပါသည်။ ၎င်းမှာ ကျွန်တော့်ကိုယ်ကျွန်တော်လည်း မေးသောမေးခွန်းဖြစ်ပြီး ကျွန်တော့်မှာ အဖြေတစ်ခုရှိကြောင်း ကျွန်တော်ယုံကြည်ပါသည်။

ထိုအခြေအနေ၌ ကျွန်တော်တတ်နိုင်သမျှ တည်တည်ငြိမ်ငြိမ်နှင့် ပညာသားပါပါ သူတို့ကို ပြောခဲ့ပါသည်။ အဘယ်ကြောင့် လိုငွေပြရသနည်းဟူသောအချက်နှင့် နောက်တစ်ကြိမ် ဤသို့မဖြစ်ရအောင် မည်သို့ဆောင်ရွက်မည်နည်းဟူသောအချက်ကိုသာ ကျွန်တော်အဓိက ထားပါသည်။ ထိုစီမံခန့်ခွဲမှုအဖွဲ့ကို အားပေးစကားပြောပြီး အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ သူ

mgybe.com

mgyoe.com


တို့မှာ ပို၍စွမ်းဆောင်နိုင်သော အရည်အချင်းများရှိကြောင်း၊ လာမည့်နှစ်တွင် သူတို့အောင်မြင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ကြောင်း ကျွန်တော်ပြောခဲ့သည်။ သူတို့ကို ကျွန်တော် ယုံကြောင်း ပြောခဲ့ပါသည်။

တစ်နှစ်ခန့်ကြာပြီး၍ ထိုကစားကွင်းမှ အထွေထွေမန်နေဂျာ တစ်ယောက်နှင့်အတူ ကျွန်တော် နေ့လည်စာစားနေချိန်တွင် ကျွန်တော်၏လူအများရှေ့တွင် သတိပေးဆုံးမမှု၌ လေးစားမှုနှင့် မေတ္တာတရားများ ပါဝင်သွားကြောင်း အတည်ပြုချက်ကို ကျွန်တော်ရရှိခဲ့ပါသည်။ ကစားကွင်းအတွင်းရှိ အရိပ်ရသောခုံတန်းတစ်ခုပေါ်တွင် ဘာဂါနှင့်အာလူးကြော်များကို ကျွန်တော်တို့ အတူထိုင်စားနေစဉ် သူက ကျွန်တော့်ကို ကြည့်ပြီး ပြောပါသည်။

"ကျွန်တော်တို့ မေ့မသွားဘူး။ ကျွန်တော့်အဖွဲ့က လူတွေခင်ဗျားကို တည်တည်တင်းတင်းနဲ့ တစ်ခါမှ မမြင်ဖူးဘူးလေ။ ဒါက ကျွန်တော်တို့အတွက် ကောင်းသွားတယ်။"

လုပ်ငန်းခေါင်းဆောင်များအနေဖြင့် သတိပေးဆုံးမရန် လိုအပ်မှုကို ကျွန်တော်တို့ ဘယ်တော့မှမေ့မထားနိုင်ပါ။ ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းဆိုသည်မှာ လူအများအပေါ် ညင်သာနူးညံ့ပေးရမည်။ ဆင်ခြေတစ်ခုမဟုတ်ပါ။ သို့သော် တစ်ချိန်တည်းမှာပင် ကျွန်တော်တို့သည် စိတ်ရှည်သည်းခံမှု၊ လေးစားသမှုတို့နှင့်အတူ အပြစ်ပေးတတ်ရပါမည်။ ဆုံးမတတ်ရပါမည်။ ကျွန်တော်တို့၏ရည်မှန်းချက်ပန်းတိုင်မှာ အလုပ်သက်သက်မဟုတ်ပါ။ ကျွန်တော်တို့အဖွဲ့အတွင်းရှိ လူများ၏ဂုဏ်သိက္ခာကို ကာကွယ်ပေးရန်လည်း ပါပါသည်။ ကျွန်တော်တို့အလုပ်သမားများကို သီးသန့်ဖြစ်စေ၊ အများရှေ့တွင်ဖြစ်စေ မည်သို့ပင် လေ့ကျင့်ထိန်းကြောင်းစေကာမူ ကျွန်တော်တို့၏ ရည်မှန်းချက်ပန်းတိုင်မှာ လေးစားမှု၊ ချစ်ခြင်းမေတ္တာတို့နှင့်အတူ လုပ်ဆောင်ရန်ဖြစ်ပါသည်။ ဤသည်က ကျွန်တော်တို့အားလုံး လိုလားသော ဆက်ဆံမှုပုံစံဖြစ်ပါသည်။

Saab ၌ ကျွန်တော်ကြုံတွေ့ခဲ့ရသော မောင်းမဲပြစ်တင်မှုမှာ သစ်ပင်တစ်ပင်ပေါ်သို့ ဓာတ်ဆီလောင်းချလိုက်သလို ဖျက်လိုဖျက်ဆီးနိုင်ပါသည်။ ဂျက်နှင့် ပီတာတို့ထံမှ ကျွန်တော် သင်ယူလိုက်ရသော အရာမှာ အကောင်းဆုံးပြစ်တင်ဆုံးမမှုသည် စိတ်ရှည်သော ဥယျာဉ်မှူးတစ်ယောက်

mgyoe.com

က သစ်ပင်တစ်ပင်ကို ရေလောင်းပေါင်းသင်ပေးသလိုမျိုး အပြုသဘော ဆောင်သည်ဆိုသောအကြောင်းပင် ဖြစ်ပါသည်။ သူဆောင်ရွက်သမျှ အရာအားလုံးတွင် ပိုကောင်းမည့် ရိုက်သိမ်းချိန်အတွက် မျှော်လင့်ချက်များ ပါဝင်နေသည်။ ခက်ခဲသောအခြေအနေများကို စိတ်ရှည်သည်းခံသော ဆုံးမမှုမျိုးနှင့် ကိုင်တွယ်ခြင်းက ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်း၏စစ်မှန်သော သင်္ကေတသာဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com

# ၃ – ၂

# စိတ်ရှည်သော ချီးမွမ်းမှု

ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းတွင် စိတ်ရှည်သော သတိပေးဆုံးမမှုမျိုးကို လိုအပ်ရုံသာမက စိတ်ရှည်သောချီးမွမ်းမှုကိုလည်း လိုအပ်ပါသည်။ အများအားဖြင့် ချီးမွမ်းခြင်းသည် စစ်စစ်ပေါက်ပေါက်ဝေဖန်သုံးသပ်မှုတစ်ခုကို စတင်ရန် နိဒါန်းစကားအဖြစ် ကြားကောင်းအောင်ပြောလေ့ရှိသောစကားဖြစ်နေတတ်ပါသည်။

ချီးမွမ်းခြင်းအတွက် ထိရောက်မှုရှိစေရန် သူ၏အဖွဲ့သားများအကြောင်းကို စိတ်ရှည်လက်ရှည်ဖြင့် စောင့်ကြည့်လေ့လာနိုင်သော ခေါင်းဆောင်တစ်ဦး၏ပြောကြားမှုကို လိုအပ်ပြီး ချီးမွမ်းရန်အတွက် သင့်တော်သောအချိန်ကို စောင့်ရပါမည်။

ကျွန်တော်ပြောတာကို မယုံကြည်ကြဘူးဆိုလျှင် NCAA ၏ 2011 ခုနှစ် March Madness ဘတ်စကက်ဘော တံခွန်စိုက်ပြိုင်ပွဲအကြောင်းကို စဉ်းစားကြည့်ပါ။ Butler နှင့် UConn တို့၏ ချန်ပီယံလုပွဲကို မှတ်မိပါသလား။ မှတ်မိသမျှတွင် အဆိုးရွားဆုံးဗိုလ်လုပွဲဖြစ်ခဲ့ပါသည်။ UConn က Butler ကို ၅၃–၄၁ ဖြင့် အပြတ်အသတ် အနိုင်ယူသွားပြီး Butler အနေဖြင့် ၎င်းတို့၏ဂိုးလ်ဧရိယာသို့ တစ်ဖက်အသင်း၏ချဉ်းကပ်မှုကို ၁၉ ရာခိုင်နှုန်းသာ အကာအကွယ်ပေးနိုင်သဖြင့် ပရိသတ်များ

mgyoe.com

mgyoe.com


မတွေးတတ်အောင် ရှိခဲ့သောပွဲဖြစ်ပါသည်။

ပွဲပြီးသွားသည့်နောက်တွင် တံခွန်စိုက် ဒိုင်ရွေးချယ်ချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌက "တကယ်ကောင်းတဲ့ပွဲပဲဗျာ" ဟု ပြောခဲ့ပါသည်။

ကစားပွဲအကြောင်းကို အများရှေ့မှာ ချီးမွမ်းမှုက အသိအမှတ်ပြုစရာအကြောင်းမရှိပါ။ အနှစ်သာရလည်းမရှိပါ။ ခေါင်းဆောင်များက "တော်တယ်"၊ "မင်းက အကောင်းဆုံးပဲ"၊ "မင်းတို့မပါဘဲနဲ့ ငါ ဒါကို ဆောင်ရွက်နိုင်ခဲ့မှာမဟုတ်ဘူး" စသဖြင့် ယေဘုယျဆန်ဆန် ပြောဆိုခြင်းများကို ပြုလုပ်သောအခါတွင်လည်း အလားတူပင်ဖြစ်သည်။ တိတိကျကျ ချီးမွမ်းရန် စိတ်ရှည်မှုကို လိုပါသည်။ အတိအကျမရှိဘဲ ချီးမွမ်းခြင်းက လုံးဝမချီးမွမ်းဘဲနေခြင်းထက် ပိုဆိုးနိုင်ပါသည်။

*

## စစ်မှန်သော ချီးမွမ်းမှု၏အစွမ်း

ဧပြီလ၏ လန်းဆန်းသာယာလှပသော နေ့တစ်နေ့ဖြစ်ပါသည်။ ကျွန်တော်ကတော့ အထူးစိတ်လှုပ်ရှားနေမိပါသည်။ Herschend Family Entertainment ၏ ဥက္ကဋ္ဌအသစ်အနေဖြင့် ကျွန်တော်တာဝန်ထမ်းဆောင်ရမည့် ပထမဆုံးနေ့ဖြစ်ပြီး ဂျက်ဟာရှန်က ဝေ့ဒင်္ဂါးမြို့တော်တွင် ကျွန်တော်မသိသေးသော အမိကခေါင်းဆောင်အချို့နှင့် မိတ်ဆက်ပေးမည် ဖြစ်ပါသည်။

လူတစ်ယောက်၏အလုပ်ခွင် ပထမဆုံးနေ့အတွက် စိတ်လှုပ်ရှားခံစားရခြင်းတွင် ပုံမှန်မဟုတ်သည့် ထူးထူးခြားခြားအကြောင်းရှိမနေပါ။ သို့ရာတွင် ကျွန်တော်၏စိတ်လှုပ်ရှားမှုက ပုံမှန်ထက်ပိုနေပါသည်။ HFE သည် မိသားစုကုမ္ပဏီတစ်ခုဖြစ်ကြောင်းကို ကျွန်တော် အသေအချာ နားလည်ပါသည်။ ဂျက်သည်လည်း ဆယ်စုနှစ်လေးခုထက်မနည်းဘဲ ကုမ္ပဏီ၏ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်ခဲ့ပါသည်။ ယခု သူက ကျွန်တော့်ကို လက်ဆင့်ကမ်းဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဂျက်က အိုလံပစ်ချန်ပီယံတစ်ယောက်ဆိုလျှင် ကျွန်တော်က အိုးနင်းခွက်နင်းနိုင်သော ငါးတန်းကျောင်းသားလေးတစ်ယောက်လို ခံစားရပါသည်။

mgyoe.com

mgyoe.com


ဂျက်၏နေရာကို အစားဝင်ရခြင်းက အအောင်မြင်ဆုံးကောလိပ် ဘတ်စကက်ဘောနည်းပြတစ်ဦးဖြစ်သူ ဂျွန်ဝူဒန် အနားယူသွားပြီးနောက် ပထမဆုံးနှစ်တွင် UCLA ဘတ်စကက်ဘောအသင်းကို တာဝန်ယူပေးရသကဲ့သို့လည်းကောင်း၊ အော်ပရာဝင်းဖရေး၏တော့စ်ရှိုးတွင် နောက်ဆုံးနေ့အဖြစ် သူမတာဝန်အပြီး ဆက်လက်တာဝန်ယူပေးရသကဲ့သို့လည်း ကောင်း ခံစားရပါသည်။ ဂျက်ဟာရှန်သည် ကျွန်တော်တို့လောက၏ ဒဏ္ဍာရီသူရဲကောင်းတစ်ယောက် ဖြစ်ပါသည်။ သူနှင့်အတူ ကစားကွင်းကို လျှောက်ကြည့်ကြစဉ်၌ ကျွန်တော့်ရင်ကို တလှပ်လှပ်ဖြစ်နေစေသည်မှာ ရှိလာကိုစတာတစ်ခုမဟုတ်တာတော့ သေချာပါသည်။

ကျွန်တော်၏မော်တော်ကားလုပ်ငန်းပိုင်းတွင် ကျွမ်းကျင်ပိုင်နိုင်မှုကို ဤပြိုင်ကွင်းအသစ်၌အသုံးချနိုင်ပါ့မလားဟု ကျွန်တော်တွေးနေမိပါသည်။ ကျွန်တော်၏ခေါင်းဆောင်မှုစည်းမျဉ်းများနှင့် ယုံကြည်မှုများကို အကြီးစား စစ်ဆေးမှု ခံရမည်ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော့် ခံယူချက်နှင့် ဗီဇပါရမီများက ဤတာဝန်အတွက် လုံလောက်မှုရှိပါ့မလားဟု စဉ်းစားမိပါသည်။

ဤအတွေးများနှင့် ယောက်ယက်ခတ်နေစဉ်မှာပင် "နေပါဦး၊ ဂျက်နေရာကို ယူမယ့်လူ ဟုတ်လား။ သူသိတာ ကားတွေအကြောင်းပဲ ဖြစ်မှာပေါ့။ သူ့ပုံစံက အသက်သုံးဆယ့်ငါးနှစ်လောက်လို့ပဲ ထင်ရတယ်" ဟူသောအတွေးများ HFE ရှိလူများတွင် ရှိနေနိုင်သည်ဟူသောအသိက ကျွန်တော့်ကို ဒုက္ခပေးနေပါသည်။ ထိုသို့ ကြိုတင်မှန်းဆမှုများနှင့် ကျွန်တော့်နှလုံးသားသည် ပြင်းစွာခုန်ပေါက်လာရပါသည်။

ငွေဒင်္ဂါးမြို့တော်အတွင်းသို့ ကျွန်တော်တို့အတူ လျှောက်ဝင်လာသောအခါ အားလုံးက ဂျက်ကို နှုတ်ဆက်ကြသည်။ သူတို့က သူ့ကို ဂျက်ဟုသာ ခေါ်ပါသည်။ မစ္စတာ ဟာရှန်၊ ဆရာ၊ သူဌေး ဟူသော အခေါ်အဝေါ်များ မပါ၊ ဂျက်ပဲ ဖြစ်ပါသည်။ ဂျက်က သူနှင့်စကားပြောလို သူများနှင့် တွေ့သောအခါ ခဏရပ်၍ စကားပြောပါသည်။ သူက အလုပ်သမားများအား သူတို့၏မိသားစုဝင်များအကြောင်းကို သူသိသောအမည်များ ဖော်ပြီးမေးပါသည်။ မည်သူ၏ ကလေးတွေက ကောလိပ်မှာ၊ မည်သူ၏

mgyoe.com

mgyoe.com


မိသားစုဝင်ကတော့ နေမကောင်းဖြစ်နေသည် စသဖြင့် အသေးစိတ် အချက်အလက်ကလေးများကိုပင် သူမှတ်မိပါသည်။ သူ့အလုပ်သမားများအတွက် သူ၏လေးစားမြတ်နိုးမှုသက်သေက လွှမ်းခြုံသိမ်းပိုက်ထားပါသည်။ ကျွန်တော် စဉ်းစားနေမိသည်က ကျွန်တော့်အတွက် လူတွေ၏ အမည်ကို မှတ်မိနိုင်ရန် မည်မျှခဲယဉ်းလိမ့်မည်နည်းဟူသောအကြောင်းပင် ဖြစ်ပါသည်။ "ဂျက်လောက် ငါဘယ်တော့မှ တော်လာမှာမဟုတ်ဘူး။ ငါ ဘာကြောင့် ဒါကို လုပ်နေရတာလဲ" ဟု စဉ်းစားမိပါသည်။

သို့ဆိုလျှင် ထိုပြေ၏နောက်တစ်နေ့တွင် မည်သို့ ဆက်ဖြစ်သွားပါသနည်း။ ဂျက်နှင့်အတူ ကစားကွင်းကို လှည့်ပတ်ကြည့်ရခြင်း၊ ဖော်ရွေပျူငှာသော အလုပ်သမားများနှင့် စကားစမြည်ပြောဆိုရခြင်းတို့က ကျွန်တော့်စိတ်နှလုံးကို သက်သောင့်သက်သာဖြစ်စေခဲ့ပါသလား။ 'ဟင့်အင်း' လို့ပဲ ကျွန်တော် ဖြေပါရစေ။

ကြည့်စရာရှိသည်များကို ကြည့်ပြီးသည့်နောက် ကျွန်တော့်ကို ဂျက်၏ လက်ထောက်ဝန်ထမ်း နန်စီနှင့် မိတ်ဆက်ပေးပါသည်။ သူမက ဂျက်နှင့် အချိန်ကြာမြင့်စွာ လက်တွဲလုပ်ကိုင်လာသူဖြစ်သည်။ သူမ၏နောက်ဆုံးအမည်က ဟာရှန်မဟုတ်သော်လည်း မိသားစုဝင်တစ်ဦးလိုပင် ဖြစ်နေသည်။ ဂျက်၏အထူးသစ္စာရှိသော လက်ထောက်လည်းဖြစ်သည်။ နန်စီက ကျွန်တော်နှင့် ဆုံသောအခါ အတတ်နိုင်ဆုံး ပြုံးထားပြီး သက်သောင့်သက်သာပုံ ဖမ်းထားသော်လည်း သူမ စိတ်လှုပ်ရှားနေတာ (သို့မဟုတ်) မတည်မငြိမ်ဖြစ်နေတာကို ကျွန်တော်သိပါသည်။ ဂျက်၏ရုံးခန်းတွင် ကျွန်တော်တို့ထိုင်ကြပြီး ကျွန်တော်တို့ မိသားစုတွေအကြောင်း၊ နောက်ခံအခြေအနေများအကြောင်း အနည်းငယ်ပြောကြပါသည်။

သူမ၏တာဝန်ဝတ္တရားများအကြောင်းကို စတင်ပြောကြသည့်အခါတွင်မတော့ နန်စီ၏အောက်နှုတ်ခမ်းက စတင်တုန်ခါလာပြီး သူမ၏မျက်ဝန်းတွင် မျက်ရည်များဝေ့လာပါသည်။ ကျွန်တော့်ကြောင့် မဟုတ်ပါ။ ဂျက်ထွက်ခွာသွားခြင်းက သူမအတွက် အစစ်အမှန်ဖြစ်လာသောကြောင့် ဖြစ်ပါသည်။ နန်စီက ကျွန်တော့်ကို ပုဂ္ဂိုလ်ရေးအရ တုံ့ပြန်နေခြင်းမဟုတ်မှန်း ကျွန်တော်ကောင်းစွာ နားလည်ပါသည်။ သို့ရာတွင် ကျွန်တော်၏ကြောက်

mgyoe.com

mgyoe.com


ရှုံ့မှုများကို အားပေးအားမြှောက်ပြုပေးသလို ဖြစ်သွားပြီး ကိုယ့်ကိုယ်ကို ဖြစ်သော သံသယက ကျွန်တော်၏အလုပ်အသစ်အတွက် အတည်သဘော ဖြစ်လာတော့မည်လားဟု စိုးရိမ်စပြုလာပါသည်။

ကျွန်တော့်ကို အလုပ်ခန့်နိုင်လောက်သည့် ကားကုမ္ပဏီများ၏ အမည်စာရင်းကို စိတ်မှန်းဖြင့် တွက်ဆနေမိလာပါသည်။

နန်စီ၏အခန်းမှ ထွက်လာပြီးသည့်နောက်တွင် ဂျက်က ကျွန်တော့်ကို မိုက်ဟတ်ချာဆန်နှင့်အဖွဲ့သားများအား မိတ်ဆက်ပေးပါသည်။ မိုက်က မစ်ဆူရီ၊ တရန်ဆန်ရှိ HFE ကစားကွင်းများအားလုံး၏ အကြီးအကဲဖြစ်သည်။ တစ်နည်းဆိုရလျှင် မိုက်နှင့်သူ့အဖွဲ့သည် ဂျက်ကို ချစ်ခင်လေးစား၍ သစ္စာရှိသော သူများသာဖြစ်ပါသည်။ ထို့အပြင် ကျွန်တော့်အလုပ်အကြောင်းကို ကျွန်တော်သိသည်ထက် သူတို့ပိုသိကြပါသည်။

ထိုအချိန်မှာပင် ဂျက်က အရာအားလုံးကို ပြောင်းလဲပစ်လိုက်ပါသည်။ အခန်းအတွင်းရှိ မိုက်နှင့်အခြားသူများအားလုံး၏ရှေ့တွင် ဂျက်က ကျွန်တော့်ကို ချီးကျူးစကားဆိုပါသည်။

"ဂျိုအဲလ်နဲ့ ပတ်သက်လို့ ကျွန်တော့်အတွက် အရေးအကြီးဆုံးအရာက သူ့ရဲ့တန်ဖိုးပဲ။ သူ့ယုံကြည်ချက်တွေနဲ့ ခေါင်းဆောင်မှုပုံစံက ဒီကုမ္ပဏီရဲ့ ဥက္ကဋ္ဌအဖြစ် ကျွန်တော်တို့ လိုချင်တဲ့ပုံစံနဲ့ ကွက်တိပဲ။ ကျွန်တော်တို့ရဲ့ အစဉ်အလာကို သူနားလည်ပြီး အဲဒါကို ရှင်သန်ကြီးထွားလာအောင် ကာကွယ်ပေးချင်တယ်။ ဒီတာဝန်အတွက် အခြားဘယ်သူ့ကိုမှ ကျွန်တော်စဉ်းစားလို့ မရဘူး။ ဂျိုအဲလ်က ကျွန်တော့်ရဲ့ ပထမရွေးချယ်မှုပဲ။ သူဟာ ဒီအလုပ်အတွက် ကိုယ်တော်က လွှတ်ပေးတဲ့လူဆိုတာ ကျွန်တော်သိတယ်"

နှစ်သိမ့်ကျေနပ်သွားသောစိတ်၊ သက်သာရာကို ရှာတွေ့သွားသောစိတ်က နှင်းများထူထပ်စွာကျနေသော သစ်တောအတွင်း နာရီများစွာ ကြာအောင် လမ်းပျောက်နေရာမှ နားခိုစရာ နွေးထွေးသော တဲအိမ်ကလေးတစ်လုံးကို အမှတ်မထင်တွေ့လိုက်ရသလိုမျိုး ခံစားချက်နှင့် ဆင်တူပါသည်။

ဂျက်က ဤသို့သော အကြောင်းအရာမျိုးကို ကျွန်တော်နှင့်နှစ်ယောက်ချင်း ဆုံသည့်အခါမျိုးတွင် ပြောမပြဖူးပါ။ သြဇာရှိသော ခေါင်းဆောင်များရှိနေရာ အခန်းတစ်ခန်းတွင် ဤသို့ ချီးမွမ်းမှုအပြည့်ပါသော

mgyoe.com

mgyee.com


စကားပြောပုံမျိုး ဂျက် ဘယ်တော့မှ မလုပ်ဖူးပါ။ သူ၏စကားများက ကျွန်တော့်စိတ်ကို နိုးကြားတက်ကြွစေပြီး ယုံကြည်မှုကိုလည်း တိုးမြှင့်ပေးပါသည်။ ကျွန်တော့်ပခုံးပေါ်မှ ဝန်ထုပ်ဝန်ပိုးတစ်ခုတော့ ကျသွားပါပြီ။

အနေအထားက ပြောင်းသွားပါသည်။ ဂျက်က လက်ဆင့်ကမ်းတုတ်တံကို ကျွန်တော်ဖမ်းသည့်အခါ ကချော်ကချွတ်ဖြစ်ပြီး ပရိသတ်ကို အထိတ်တလန့် ဖြစ်သွားစေပုံကို ကြည့်ရန်သက်သက်ဖြင့် ပြေးပွဲကို လုပ်ပေးခြင်း မဟုတ်ပါ။ အမှန်မှာ ဂျက်နှင့် HFE ပရိသတ်ကြီးက ကျွန်တော့်ကို ရွေးချယ်ပြီး အမာခံအားပေးခြင်းသာ ဖြစ်ပါသည်။ ဂျက်က ကျွန်တော်သည်သာ သူ၏ပထမရွေးချယ်မှု၊ တစ်ခုတည်းသော ရွေးချယ်မှုဖြစ်ကြောင်း အားလုံးသိအောင် ကြေငြာပြီး သူ၏ထောက်ခံမှုကို ကျွန်တော်က အပြည့်အဝရရှိလိုက်ပါသည်။ ဤကဲ့သို့ ကြည်သာဖော်ရွေသော အပြုအမူက ကျွန်တော့်ကို ဂျက်၊ ဟာရှန်မိသားစု၊ ဘုတ်အဖွဲ့နှင့်တကွ အလုပ်သမားများအားလုံးအတွက် အကောင်းဆုံးဆောင်ရွက်ပေးရန် ဆုံးဖြတ်ချက်ကို ပိုပြီး ခိုင်မာစေပါသည်။

✱

## ဆိုလိုရင်းကို သွားခြင်း

ထိရောက်သော သတိပေးဆုံးမမှုဖြစ်ရန်အတွက် လိုအပ်သည့် စိတ်ရှည်မှုအဆင့်မျိုး ချီးမွမ်းခြင်းအတွက် လိုချင်မှ လိုပါမည်။ သို့ရာတွင် မစဉ်းစားမဆင်ခြင်ဘဲ အလျင်စလို ချီးမွမ်းမှုကို ပြုမိသည့်အခါ မှန်ကန်သော နည်းလမ်းဖြင့် မချီးမွမ်းမိဘဲ အခွင့်အရေးတစ်ခုကို ကျွန်တော်တို့ ဆုံးရှုံးသွားတတ်ပါသည်။

ပြန်စဉ်းစားကြည့်ပါလျှင် သူ၏ခေါင်းဆောင်မှုပုံစံနှင့် ကျွန်တော်၏ ခေါင်းဆောင်မှုပုံစံအကြား အကူးအပြောင်းကာလကို အောင်အောင်မြင်မြင် ပြီးမြောက်သွားစေရေးအတွက် ဂျက် အသေအချာစဉ်းစားခဲ့ရမည်ဖြစ်ကြောင်း ကျွန်တော် သိလာပါသည်။

တစ်နည်းအားဖြင့် ကျွန်တော့်ကို ချီးမွမ်းစကားဆိုရန် အချိန်ကောင်းကို စောင့်ဖို့ သူစိတ်ရှည်ခဲ့သည်။ ပြောရမည့် ပြောသင့်သည့်စကားလုံးများ

mgyee.com

mgyoe.com


ကို ရွေးချယ်ဖို့ သူ စိတ်ရှည်ခဲ့ပါသည်။

NCAA မှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် UConn နှင့် Butler ပွဲတွင် ချီးမွမ်းသလိုမျိုး ဂျက်မဖြစ်သည်မှာ တော်သေးသည်ဟု ဆိုရမည်။ ဂျက်သာ ထိုကဲ့သို့ စိတ်ပျက်စရာ အလောတကြီးချီးမွမ်းမှုများကို အသုံးပြုပြီး အလွယ်နည်းကို လိုက်ခဲ့လျှင်၊ ကျွန်တော်နှင့်အတူ ကစားကွင်းထဲတွင် လှည့်လည်မကြည့်ဘဲ အများရှေ့တွင် ချီးမွမ်းရန်အတွက် အချိန်ကောင်းကို မရွေးချယ်တတ်ခဲ့လျှင် ကျွန်တော်၏ပြောင်းလဲ ဆက်ခံမှုအတွက် မည်ကဲ့သို့သော အကျိုးဆက်များဖြစ်ပေါ်လာနိုင်သည်ကို မစဉ်းစားရဲလောက်အောင်ပင် ရှိပါသည်။

"ဂျိုအဲလ်ဟာ အသင့်တော်ဆုံး လူပဲဆိုတာ ကျွန်တော် သိတယ်။ သူ့မှာ အရည်အချင်းတွေရှိတယ်။ သူက အကြံကောင်းတွေကို ယူလာလိမ့်မယ်။ ကျွန်တော်တို့အတွက် သူ ဘာတွေ လုပ်ပေးမလဲဆိုတာကို စောင့်ကြည့်ဖို့ စိတ်လှုပ်ရှားနေပြီ"

ဤနေရာမှ စ၍ ရှေ့အဖို့ လွယ်ကူချောမွေ့သွားပေပြီ။

အစစ်အမှန် ထိရောက်မှုရှိရန်အတွက် ချီးမွမ်းခြင်းသည် သဘာဝကျ၍ ဆိုလိုရင်းပေါ်လွင်ရမည်။ ချီးမွမ်းမှုကို အစစ်အမှန်အဖြစ် ထင်မြင်လာအောင် လူတိုင်းကို အကြောင်းပြချက်ကောင်းကောင်းပေးနိုင်မှာလား။ ဥပမာ– ကျွန်တော်က မြို့ထဲတွင် အော်လန်တစ်ခုနှင့်လျှောက်သွားပြီး ကျွန်တော်၏ အလုပ်သမားများကောင်းကြောင်းကို အသားကုန်အော်ဟစ်ချီးမွမ်းမည်ဆိုပါစို့။ သို့သော်လည်း ကျွန်တော်ပြောသမျှအကြောင်းများက တိကျသေချာမှု မရှိဘဲ ယုံကြည်လောက်စရာမရှိလျှင် ကျွန်တော်လိုချင်သော အကျိုးသက်ရောက်မှုကို ရရှိမည်မဟုတ်ပါ။

ဂျက်နှင့်ပီတာက သတိပေးဆုံးမခြင်းနှင့်အတူ ချီးမွမ်းခြင်းကို ချိန်ညှိပေးခြင်းတန်ဖိုးအား ကျွန်တော်တို့ကို သင်ကြားပေးခဲ့ပါသေးသည်။ သူတို့နှစ်ဦးစလုံးက ကျွန်တော်တို့၏စိတ်တွင် အကောင်းမြင်မှုအခြေခံကို ထိန်းသိမ်းထားရန် အပြစ်တင်ခြင်းထက် ချီးမွမ်းခြင်းကို လုပ်ပေးရန်ကြိုးစားကြပါသည်။ ယင်းမှာ သိပ္ပံစမ်းသပ်ချက်တစ်ခု မဟုတ်ပါ။ သို့သော် သူတို့သည် အပြစ်တင်သည်ထက် သုံးဆပို၍ ချီးမွမ်းစကားဆိုကြကြောင်း ကျွန်

mgyoe.com

တော် သတိပြုမိပါသည်။ သူတို့နှင့် စကားပြောပြီးသောအခါတွင် သင့်ထံမှ သူတို့၏တောင်းဆိုမှုက တိုးတက်ခြင်းပင်ဖြစ်လင့်ကစား ကောင်းမွန်သော စိတ်ခံစားချက်သာ သင့်ထံ၌ ကျန်ရစ်ခဲ့ပါမည်။

လူတစ်ယောက်က သင်၏အရည်အချင်း (သို့မဟုတ်) ထူးချွန်အောင်မြင်မှုတစ်ခုခုအကြောင်း လူအများရှေ့၌ သင့်ကို ချီးကျူးပြောဆိုနေစဉ် သင်သည် အမှန်အကန် ချီးမွမ်းထိုက်သူဖြစ်ကြောင်း တိကျသော အကြောင်းပြချက်ကို ဖော်ပြပေးရန် ထိုသူက ကြိုးစားပမ်းစား ဆောင်ရွက်ပေးသည့်အခြေအနေမျိုးကို သင် ကြုံဖူးပါသလား။

ထိုအချိန်ကို မြင်ယောင်ကြည့်ပါ။ သင် ဘယ်လိုခံစားခဲ့ရသလဲဆိုတာကို သတိရပါ။ သင့်အပေါ် ချီးမွမ်းစကားဆိုနေသောသူအား ယုံကြည်စိတ်ချမှုက သင်၏စိတ်တွင် ဖြစ်ပေါ်နေမည်ကို ကျွန်တော် ပြောရဲပါသည်။ သင်၏လုပ်ပုံကိုင်ပုံကြောင့် ထိုသူကို စိတ်မပျက်စေရဟူ၍ သင်အဓိဋ္ဌာန်ပြုမည်မှန်း ကျွန်တော် ပြောရဲပါသည်။

ဤသည်မှာ မှန်ကန်သောအချိန်၌ မှန်ကန်သောစကားများဖြင့် သင်က ချီးမွမ်းသောအခါ အချီးမွမ်းခံရသည့်လူများ ခံစားရမည့်ပုံစံအတိအကျပင် ဖြစ်ပါသည်။ ကျွန်တော့်အတွက် ဂျက်ဆောင်ရွက်ပေးသကဲ့သို့ အများရှေ့တွင် ချီးမွမ်းခြင်းက သင်၏အဖွဲ့အတွင်းမှ လူများကို ခေါင်းဆောင်များအဖြစ် လုပ်ရဲ၊ ကိုင်ရဲ၊ ဆောင်ရွက်ရဲအောင် အားပေးရာ ရောက်ပါသည်။ ဤသည်ကပင် ချစ်ခြင်းမေတ္တာနှင့် အတူခေါင်းဆောင်ရန် စိတ်ရှည်သည်းခံခြင်းကို အသုံးပြုမှုတစ်ရပ်ဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com

# ၃ - ၃

# သမိုင်းထဲက သင်ခန်းစာ

စိတ်ရှည်သည်းခံခြင်းကို နောက်ဆုံးအနေနှင့် ချဉ်းကပ်ကြည့်ရှုရန် ပြည်တွင်းစစ်ကာလကို သွက်သွက်ကလေး သွားကြည့်ပါမည်။ သို့တည်း မဟုတ် ကျွန်တော် အနှစ်သက်ဆုံးရုပ်ရှင်ကားတစ်ကားဖြစ်သော Guettys -burg (1993) အကြောင်းကို ပြောပါမည်။

ပထမနေ့စစ်ပွဲပြီးသည့်နောက် တောင်ပိုင်းစစ်တပ်များကို ဦးဆောင်သူ ဗိုလ်ချုပ်ကြီး ရောဘတ် E.Lee (မာတင်ရှိန်းက သရုပ်ဆောင်သည်) နှင့် တော်လှန်သူမြင်းတပ်ခေါင်းဆောင် ဗိုလ်ချုပ် ဂျေ– အီး–ဘီ (J.E.B) စတူးဝပ် (ဂျိုးဇက် ဖူကွာ သရုပ်ဆောင်သည်)တို့ တွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့ကြသည်။ ပြည်ထောင်စုအင်အားစုများသည် ဗိုလ်ချုပ်ကြီးလီး၏လူများကို ပို၍ ရက်ရက်စက်စက် ချေမှုန်းတိုက်ခိုက်နိုင်လာကြသည်။ အဓိကအကြောင်းရင်းမှာ ဗိုလ်ချုပ်စတူးဝပ်က သူ၏အထက်လူကြီးကို ရန်သူများ၏တည်နေရာနှင့် လှုပ်ရှားမှုများအကြောင်း လုံလုံလောက်လောက် သတင်းမပို့နိုင်သောကြောင့် ဖြစ်သည်။

အခြေအနေအရ ဗိုလ်ချုပ်စတူးဝပ်သည် အပြစ်တင်ခံသင့်သူ ဖြစ်နေပြီဖြစ်သည်။ ဤသို့ ဆိုးဆိုးရွားရွား အမှားအယွင်းကို ပြုလုပ်ပြီးမှ စတူးဝပ်အဖို့ ချီးမွမ်းခံရရန် အကြောင်းမရှိပေ။

mgyoe.com

ဗိုလ်ချုပ်ကြီးလီးက စတူးဝပ်ကို သူ၏တဲအတွင်းမှာ လက်ခံတွေ့ဆုံသည်။ ဖယောင်းတိုင်မီးများသာ ထွန်းညှိထားသော သီးသန့်နေရာ တစ်နေရာဖြစ်သည်။ ဗိုလ်ချုပ်ကြီးလီးက ပြောလိုက်သည်။

"အရည်အချင်းရှိတဲ့ အရာရှိတွေရဲ့အမြင်မှာ မင်းကို ငါတို့ ဘယ်လိုမှ အားကိုးလို့မရဘူးလို့ ပြောကုန်ကြပြီ ဗိုလ်ချုပ်စတူးဝပ်။ မင်းရဲ့စစ်ဆင်ရေးက ဒီစစ်တပ်တစ်တပ်လုံးကို ရန်သူ့မြင်းတပ်ကနေ လွတ်အောင်ဆောင်ရွက်ဖို့နဲ့ ရန်သူ့ရဲ့ အဓိကလှုပ်ရှားမှုမှန်သမျှကို သတင်းပို့ပေးဖို့ပဲ။ ဒီစစ်ဆင်ရေးဟာ မအောင်မြင်ဘူး။ မင်း ဒီကနေ မင်းရဲ့လှုပ်ရှားမှု၊ ရန်သူ့လှုပ်ရှားမှုတွေအကြောင်း ဘာတစ်ခွန်းမှ သတင်းမပို့ဘဲနဲ့ ရက်ပေါင်းများစွာ ထွက်သွားခဲ့တယ်။ အဲဒီအချိန်မှာ ငါတို့ ဒီမှာ ပိတ်မိနေတယ်။ စစ်မြေပြင်အခြေအနေ၊ ရန်သူ့တည်နေရာ၊ ရန်သူ့အင်အားကို အတိအကျ ဘာမှမသိဘဲ တိုက်ပွဲကိုတိုက်နေရတယ်။ အခြေအနေဆိုးကြီးနဲ့ မကြုံရတာဟာ ဘုရားသခင်ကျေးဇူးတော်ကြောင့်ပဲ"

ဗိုလ်ချုပ်ကြီး လီးက မလိုမုန်းတီးစိတ်မပါဘဲ အားနှင့်မာန်နှင့် ဆက်ပြောသည်။

"ကျုပ်က ရှင်းအောင် မပြောခဲ့လို့ပဲဖြစ်ရမယ်။ ကောင်းပြီ ဒီလိုပြောတာက ပိုရှင်းသွားမယ်။ မင်းနဲ့ မင်းရဲ့မြင်းတပ်ဟာ ဒီတပ်မတော်ရဲ့ မျက်လုံးတွေပဲ။ မင်းရဲ့မြင်းတပ်မရှိဘူးဆိုရင် ကျုပ်တို့ဟာ မျက်ကန်းတွေပဲ။ အခု ဒါမျိုး တစ်ကြိမ်ဖြစ်ပြီးသွားပြီ။ နောက်တစ်ခါ ဘယ်တော့မှ ဒါမျိုးဖြစ်လို့ မဖြစ်ဘူး"

လီးမှာ ခေါင်းဆောင်တစ်ယောက်အနေဖြင့် ပြောရေးဆိုခွင့်ရှိပါသည်။ ထိုကဲ့သို့ အလွန်ဆိုးရွားသော စစ်ရေးသတင်း ဆုံးရှုံးမှုမျိုးအတွက် စတူးဝပ်ကို သူခေါ်မတွေ့ခဲ့လျှင်သာ ကျွန်တော်တို့က သူ့ကို တာဝန်ပေါ့လျော့သူအဖြစ် မြင်နိုင်ပါသည်။ သို့သော် နောက်အဖြစ်အပျက်များက အချိန်အခါအပြောင်းအလဲနှင့် စိန်ခေါ်မှုများကို ကြုံတွေ့ရသည့်အခါ ကျွန်တော်တို့၏အဖွဲ့အစည်းများကို အောင်အောင်မြင်မြင် ဖြတ်ကျော်သွားနိုင်အောင် ခေါင်းဆောင်ပေးရမည်ဆိုလျှင် ကျွန်တော်တို့မှာ ရှိသင့်သော ရေရှည်ခေါင်းဆောင်မှုအဖြစ်မျိုးကို ပြသနေပါသည်။

mgyoe.com

mgyoe.com


စတူးဝပ်က သူ၏ရာထူးမှ နုတ်ထွက်ရန် ခွင့်တောင်းလာပါသည်။ သို့သော် ဗိုလ်ချုပ်ကြီး လီးက အပြတ်ပြောလိုက်သည်။

"အဲဒီအတွက် အချိန်မရှိဘူး၊ အချိန်မရှိသေးဘူး"

လီးက လျှောက်လာပြီး စတူးဝပ်၏ပခုံးပေါ်သို့ သူ့လက်ကို တင်လိုက်သည်။

"မနက်ဖြန်ကျရင် ထပ်ပြီးတိုက်ရဦးမှာပဲ။ မင်းကို ကျုပ်တို့လိုအပ်တယ်။ မင်းဟာ ယောကျ်ားကောင်းတစ်ဦးအနေနဲ့ ကျုပ်ပြောခဲ့သမျှကို နာယူပြီး အဲဒီကနေ သင်ယူပါ"

စတူးဝပ်၏လုပ်ပုံကိုင်ပုံနှင့် ပတ်သက်၍ ပြောစရာရှိသည်များ အားလုံးကို ပြောပြီးသွားသည်။ လီးက စကားကို အဆုံးသတ်သည်။

"အမှားတစ်ခု ဖြစ်ပြီးသွားပြီ။ နောက်တစ်ခါ ထပ်ဖြစ်စရာအကြောင်းလည်း မရှိဘူး။ မင်းရဲ့အရည်အချင်းကို ကျုပ် ယုံတယ်။ မင်းဟာ ကျုပ်သိသမျှထဲမှာ အကောင်းဆုံးမြင်းတပ်ဗိုလ်တစ်ယောက်ပဲ။ ဒီတပ်မတော်အတွက် မင်းရဲ့အမှုထမ်းမှုဟာ တန်းဖိုးမဖြတ်နိုင်အောင်ပါဘဲ။ ကဲ ဒီအကြောင်းကို ထပ်ပြောစရာမလိုတော့ဘူး။ ဒီကိစ္စကို အဆုံးသတ်လိုက်ပြီ။ ကောင်းသောညပါ ဗိုလ်ချုပ်"

လီးက စတူးဝပ်ကို ခပ်ဆတ်ဆတ်အလေးပြုပြန်လုပ်ပြီး လှည့်ထွက်သွားသည်။

ဤအခန်းက ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းတွင် စိတ်ရှည်သည်းခံခြင်းကို စံနမူနာပြစရာ ဇာတ်ဝင်ခန်းဖြစ်ပါသည်။ လီးအနေဖြင့် စတူးဝပ်ကို ပုံစံအမျိုးမျိုး ပြောဆိုဆက်ဆံလိုက်နိုင်ပါသည်။ စခန်းတွင်းလူပုံအလယ်တွင် သူ့ကို ကျိန်ဆဲနိုင်သည်။ ရင်ဆိုင်ဖြေရှင်းနိုင်သည်။ သူ့အရည်အချင်းနှင့်ပတ်သက်၍ ချိုးချိုးနှိမ်နှိမ် ပြောနိုင်ပါသည်။ သို့သော်လည်း သူ၏အထိန်းရ အသိမ်းရခက်သော တပည့်ကို လီးကိုင်တွယ်သည့်နည်းလမ်းက ခေါင်းဆောင်တိုင်း ဝေဖန်ပြစ်တင်မှုကို ပြုလုပ်ရာတွင် ကိုင်တွယ်ဖြေရှင်းသင့်သော စံပြပုံစံဖြစ်ပါသည်။

- ဖြစ်နိုင်လျှင် သီးသန့်တွေ့ဆုံဆွေးနွေး ပညာပေးပါ။
- တည်တည်တင်းတင်းနေပါ။ သို့သော် အငြိုးတကြီးပုံစံ မဖြစ်ပါစေနှင့်။

mgyoe.com

- တိကျသေချာပါစေ။
- ထိမိသော ချီးမွမ်းမှုနှင့်အတူ သူတို့ကို နေရာမှန် ပြန်ပို့ပေးပါ။
- မလိုမုန်းတီးမထားဘဲ ရှေ့ဆက်ပါ။

ကျွန်တော်တို့အားလုံး အဆက်ဆံခံချင်သောပုံစံမှာ ဤကဲ့သို့ မဟုတ်ပါလား ခင်ဗျာ။ စိတ်ရှည်သော မေတ္တာဖြင့် ခေါင်းဆောင်ခြင်းဆိုသည်မှာ သီးခြားဆွေးနွေးဆုံးမခြင်း၊ တိတိကျကျအချက် မိမိချီးမွမ်းခြင်းနှင့်အဆုံးမရှိဘဲ အစမပြုခြင်းတို့ပင် ဖြစ်ပါသည်။

မနက်ဖြန်မှာ သင် ဘယ်လိုခေါင်းဆောင်မလဲ။ ဒီတစ်ပတ်မှာ ဘယ်သူရဲ့ လုပ်ရည်ကိုင်ရည်တိုးအောင် လုပ်ဖို့ လိုအပ်မလဲ။ ဘယ်သူ့ကို အသေအချာချီးမွမ်းဖို့ လိုအပ်မလဲ။ စိတ်ရှည်လက်ရှည်ဖြင့် ချစ်ခြင်းမေတ္တာနှင့်အတူ ခေါင်းဆောင်ခြင်းသည် အမှားကို တားဆီးရန် ထိုင်စောင့်ခြင်းမဟုတ်ပါ။ ယခု စတင်ခြင်းဖြစ်ပါသည်။ ခက်ခဲသောအခြေအနေများကို လေးစားမှု၊ စောင့်ရှောက်မှု၊ ကူညီမှုများနှင့်အတူ ကိုင်တွယ်ဖြေရှင်းခြင်းသာ ဖြစ်ပါသည်။

❑

mgyoe.com

mgyoe.com

# စိတ်ရှည်သည်းခံခြင်း

(အနှစ်ချုပ်)

✔ စိတ်ရှည်သည်းခံခြင်း၊ ခက်ခဲသောအခြေအနေများ၌ မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်း

* လုပ်ရည်ကိုင်ရည် ညံ့ဖျင်းမှုများအပေါ် စိတ်ရှည်သည်းခံ မပေးပါနှင့်။

  ယင်းလုပ်ရည်ကိုင်ရည် ညံ့ဖျင်းမှုများကို သင် တုံ့ပြန်ပုံအား စိတ်ရှည်ပေးပါ။

✔ အများရှေ့တွင် စိတ်ရှည်စွာ ချီးမွမ်းပါ။

* တိကျသေချာပါစေ။
* သဘာဝကျပါစေ၊ ချီးမွမ်းမှုမှားလျှင် အကျိုးမရှိပါ။

✔ သီးသန့်တွေ့ဆုံ ဆုံးမပါ။

* သီးသန့်တွေ့ဆုံ ဆုံးမခြင်းက ထိရောက်မှုရှိပြီး လူတစ်ယောက်၏ဂုဏ်သိက္ခာကို အကာအကွယ်ပေးသည်။

mgyoe.com

* လိုရင်းကို ရောက်အောင်သွားပြီး တိတိကျကျ လုပ်ပါ။ ထို သူ၏တန်ဖိုးကို ထပ်လောင်းအတည်ပြုပါ။ နေရာမှန်ကို ပြန်ရောက်သွားအောင် ပို့ဆောင်ပေးပါ။ ပြီးပြီးသား ကိစ္စ အကြောင်းကို ပြန်မစပါနှင့်။

✔ အပြစ်တင်ခြင်းထက် ချီးမွမ်းခြင်းကို ပိုလုပ်ပါ။ သုံး အချိုး တစ် (၃ း ၁) ပုံစံကို စဉ်းစားပါ။

❐

mgyoe.com